| (ဃ) | ဦးလှမောင်သာ | ၁၁/ တပဝ (နိုင်) ၀၀၁၁၁၂ | တတိယအကြိမ် |

မောင်မောင်အုန်း
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပြန်ကြားရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

**(ပြည်ထောင်စုဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၂၂၅/၂၀၂၅)**

၁၃၈၇ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၃ ရက်

(၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၂၂ ရက်)

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးခန့်ထားခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၂၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁၀၅/ ၂၀၂၅ အရ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာ တိုးမင်းထွန်း အား မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

**(ပြည်ထောင်စုဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၂၂၈/၂၀၂၅)**

၁၃၈၇ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၄ ရက်

(၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၂၃ ရက်)

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးခန့်ထားခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၂၂ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁၀၆/ ၂၀၂၅ အရ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာ အောင်မိုးမျိုးတင့် အား စိုက်ပျိုးရေးသုတေသနဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

**(ပြည်ထောင်စုဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၂၃၀/၂၀၂၅)**

နေပြည်တော်၊ ၁၃၈၇ ခုနှစ်၊ ဝါခေါင်လဆန်း ၁ ရက်

(၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၂၅ ရက်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသည် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ၃-၇-၂၀၂၅ ရက်စွဲပါ စာအမှတ်၊ ၄/ ၉-၂ (၃၇)/ စီးပွား (စိုက်မွေး) ဖြင့် ညှိနှိုင်းတင်ပြချက်အပေါ် ပြည်ထဲရေးဝန်ကြီးဌာန၏ ၂၇-၇-၂၀၂၂ ရက်စွဲပါ စာအမှတ်၊ ပထရ/ ၂-၁/ ၂-၃/ (၁၁၅၇)/၂၀၂၂ ပါ အတည်ပြုချက်နှင့် ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန၏ ၁၆-၇-၂၀၂၅ ရက်စွဲပါ စာအမှတ်၊ ၇၈၄၁/မပ (မြေတိုင်း)-၆ (၂၀၂၅) ဖြင့် စိစစ်တင်ပြချက်တို့အရ တိုက်ကြီးခရိုင်၊ တိုက်ကြီးမြို့နယ်၊ မလေးရှားဝိုင်ကျေးရွာအုပ်စုရှိ သစ်တောပယ်ဖျက်ခွင့်ပြုမိန့်ရရှိပြီးဖြစ်သော မြေပြင်တွင်ကျန်ရှိသည့် မလေးရှားဝိုင်ကျေးရွာ၊ ကျောက်တောင်ကျေးရွာ၊ ရေစက်တောင်ကျေးရွာ၊ အုန်းပင်ကျေးရွာနှင့် လိပ်ကြည်ကျေးရွာ စုစုပေါင်း (၅) ရွာတို့၏ ဧရိယာ ၃၉၂ ဧကအား မူလမြေတိုင်း ကွက်ကဲ့၊ ကွက်စိပ်မြေတိုင်းတာရေး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်နိုင်ရန်အတွက် ၂၀၁၉ ခုနှစ်၊ နယ်နိမိတ်တိုင်းတာပိုင်းခြားသတ်မှတ်ရေးဥပဒေ အခန်း (၄)၊ ပုဒ်မ ၇၊ ပုဒ်မခွဲ (ဂ) နှင့် (ဃ) ပါ ပြဋ္ဌာန်းချက်တို့အရ တိုက်ကြီးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ **မြို့နယ်အုပ်ချုပ်ရေးမှူး** အား **နယ်နိမိတ်သတ်မှတ်ရေးအရာရှိ (Boundary Officer)** အဖြစ်လည်းကောင်း၊

တိုက်ကြီးမြို့နယ် ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာနမှ **မြို့နယ်ဦးစီးဌာနမှူး** အား **နယ်နိမိတ်ကြပ်မတ်ရေး အရာရှိ (Demarcation Officer)** အဖြစ်လည်းကောင်း သတ်မှတ်တာဝန်ပေးခန့်အပ်လိုက်သည်။

**(ပြည်ထောင်စုဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၂၃၁/၂၀၂၅)**

နေပြည်တော်၊ ၁၃၈၇ ခုနှစ်၊ ဝါခေါင်လဆန်း ၅ ရက်

(၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၂၉ ရက်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန သည် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ၁၄-၇-၂၀၂၅ ရက်စွဲပါ စာအမှတ်၊ ၄/ ၉-၁ (၅)/ဦး (၂၈၇) မူဝါဒဖြင့် ညှိနှိုင်းတင်ပြချက်အပေါ် ပြည်ထဲရေးဝန်ကြီးဌာန၏ ၂၇-၇-၂၀၂၂ ရက်စွဲပါ စာအမှတ်၊ ပထရ/ ၂-၁/ ၂-၃/ (၁၁၅၇)/ ၂၀၂၂ ပါ အတည်ပြုချက်နှင့် ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန၏ ၂၁-၇-၂၀၂၅ ရက်စွဲပါ စာအမှတ်၊ ၇၉၈၆/ မပ (မြေတိုင်း)-၆ (၂၀၂၅) ဖြင့် စိစစ်တင်ပြချက်တို့အရ စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်း မြို့တွင်းရှိ ငလျင်ကြောဖြတ်သန်းသွားသည့်နေရာများဖြစ်သည့် မင်းလမ်းရပ်ကွက်၊ စိန်ကုန်းရပ်ကွက်၊ မြို့သစ် ရပ်ကွက်၊ ပါရမီရပ်ကွက်၊ သောတာပန်ရပ်ကွက်တို့ရှိ ပျက်စီးသွားသောနေရာများအား ပြန်လည်ပြင်ဆင် ဆောင်ရွက်ခြင်းလုပ်ငန်း စတင်နိုင်ရန်အတွက် ပိုင်ဆိုင်မှုနယ်နိမိတ်များ တိုင်းတာသတ်မှတ်ပေးနိုင်ရေး မြေတိုင်းတာခြင်းလုပ်ငန်းများကို လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်နိုင်ရန် ၂၀၁၉ ခုနှစ်၊ နယ်နိမိတ် တိုင်းတာပိုင်းခြားသတ်မှတ်ရေးဥပဒေ အခန်း (၄)၊ ပုဒ်မ ၇၊ ပုဒ်မခွဲ (ဂ) နှင့် (ဃ) ပါ ပြဋ္ဌာန်းချက်တို့အရ စစ်ကိုင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ **မြို့နယ်အုပ်ချုပ်ရေးမှူး** အား **နယ်နိမိတ်သတ်မှတ်ရေး အရာရှိ (Boundary Officer)** အဖြစ်လည်းကောင်း၊ စစ်ကိုင်းမြို့နယ် ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာနမှ **မြို့နယ်ဦးစီးဌာနမှူး** အား **နယ်နိမိတ်ကြပ်မတ်ရေးအရာရှိ (Demarcation Officer)** အဖြစ်လည်းကောင်း သတ်မှတ်တာဝန်ပေးခန့်အပ်လိုက်သည်။

မင်းနောင်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန**

**(ပြည်ထောင်စုဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၇၆/၂၀၂၅)**

၁၃၈၇ ခုနှစ်၊ ဝါခေါင်လဆန်း ၁ ရက်

(၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၂၅ ရက်)

**မြေအောက်ရေစီမံခန့်ခွဲမှုဥပဒေရေးဆွဲပြုစုရေး လုပ်ငန်းကော်မတီဖွဲ့စည်းခြင်း**

၁။ နိုင်ငံတော်၏ မြေပေါ်မြေအောက် ရေသယံဇာတအရင်းအမြစ်များ သဘာဝပတ်ဝန်းကျင်ကို မထိခိုက် စေဘဲ စနစ်တကျနှင့် ရေရှည်တည်တံ့စွာထုတ်ယူသုံးစွဲနိုင်ရန်အတွက် **မြေအောက်ရေစီမံခန့်ခွဲမှုဥပဒေ ရေးဆွဲပြုစုရေး လုပ်ငန်းကော်မတီ** ကို အောက်ပါအတိုင်း ဖွဲ့စည်းလိုက်သည်-

(က) ဦးလှမောင်သိန်း ဥက္ကဋ္ဌ
အမြဲတမ်းအတွင်းဝန်
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

(ခ) ဒေါက်တာ သောင်းနိုင်ဦး — အဖွဲ့ဝင်
ညွှန်ကြားရေးမှူးချုပ်
သစ်တောဦးစီးဌာန
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

(ဂ) ဒေါက်တာ ဆန်းဦး — အဖွဲ့ဝင်
ညွှန်ကြားရေးမှူးချုပ်
ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

(ဃ) ဒေါက်တာ သက်တင်ညွှန့် — အဖွဲ့ဝင်
ညွှန်ကြားရေးမှူးချုပ်
ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

(င) ဦးကိုကိုလွင် — အဖွဲ့ဝင်
ဥက္ကဋ္ဌ
ဝန်ကြီးဌာနဥပဒေဆိုင်ရာအကြံပေးအဖွဲ့
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

(စ) ဦးကျော်ဇင်သန်း — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

(ဆ) ဦးစန်းလှိုင် — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
ပြည်ထဲရေးဝန်ကြီးဌာန

(ဇ) ဦးမျိုးသန့် — အဖွဲ့ဝင်
အင်ဂျင်နီယာမှူးကြီး
နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
နယ်စပ်ရေးရာဝန်ကြီးဌာန

(ဈ) ဒေါ်မိသန္တာမြင့် — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
ဥပဒေမူကြမ်းစိစစ်ရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

(ည) ဦးသန်းဇော် — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

(ဋ) ဦးမြင့်စိုး-၁ အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
သစ်တောဦးစီးဌာန
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

(ဌ) ဒေါ်ခင်သီတာတင် အဖွဲ့ဝင်
ညွှန်ကြားရေးမှူး (မူဝါဒ)
ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

(ဍ) ဒေါက်တာ တင်အောင်ဝင်း အဖွဲ့ဝင်
ညွှန်ကြားရေးမှူး (ပတ်ဝန်းကျင်အရည်အသွေး)
ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

(ဎ) ဦးအောင်ကျော်မိုး အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

(ဏ) ဒေါက်တာ ကေခိုင်အေး အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
လုပ်ငန်းခွင်နှင့် ပတ်ဝန်းကျင်ကျန်းမာရေးဌာနခွဲ
ပြည်သူ့ကျန်းမာရေးဦးစီးဌာန
ကျန်းမာရေးဝန်ကြီးဌာန

(တ) ဒေါ်မေချောစု အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
ရေသန့်ဌာနခွဲ
ဆောက်လုပ်ရေးဝန်ကြီးဌာန

(ထ) ညွှန်ကြားရေးမှူး အဖွဲ့ဝင်
တိုင်းဒေသကြီး/ ပြည်နယ် စည်ပင်သာယာရေးအဖွဲ့
(ကချင်၊ ကယား၊ ကရင်၊ ချင်း၊ စစ်ကိုင်း၊ တနင်္သာရီ၊ ပဲခူး၊ မကွေး၊
မွန်၊ ရခိုင်၊ ရှမ်း၊ ဧရာဝတီ)

(ဒ) ဒေါ်သင်းသင်းစိုး အဖွဲ့ဝင်
ဒုတိယဌာနမှူး (ညွှန်ကြားရေးမှူး)
အင်ဂျင်နီယာဌာန (ရေနှင့် သန့်ရှင်းမှု)
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

(ဓ) ဦးထွန်းဝင်း အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
ရေနှင့် သန့်ရှင်းမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

( န ) ဒေါက်တာ မြတ်တော်ထက် — အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူး
အင်ဂျင်နီယာဌာန (ရေနှင့် သန့်ရှင်းမှု)
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

( ပ ) ဒုတိယညွှန်ကြားရေးမှူးချုပ် (ထိန်းချုပ်/ ကာကွယ်) — အတွင်းရေးမှူး
ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

( ဖ ) ဒေါက်တာ မြင့်စိုး — တွဲဖက်အတွင်းရေးမှူး
ဒုတိယညွှန်ကြားရေးမှူးချုပ်
ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

၂။ မြေအောက်ရေစီမံခန့်ခွဲမှုဥပဒေ ရေးဆွဲပြုစုရေးလုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) မြေအောက်ရေစီမံခန့်ခွဲမှုဥပဒေအား တည်ဆဲဥပဒေများနှင့်အညီ ရေးဆွဲနိုင်ရေးအတွက် ပြည်တွင်းပြည်ပ ပညာရှင်များနှင့် ရေနှင့်ဆက်စပ်သည့်ဌာနများမှ ကျွမ်းကျင်သူများ၏ အကြံဉာဏ်များ ရယူရေးဆွဲ ဆောင်ရွက်ရန်၊

( ခ ) ဝန်ကြီးဌာန၊ အဖွဲ့အစည်းများက စီမံခန့်ခွဲလျက်ရှိသော မြေအောက်ရေစီမံခန့်ခွဲမှုနှင့်ဆက်နွယ်သည့် ဥပဒေ၊ နည်းဥပဒေ၊ အမိန့်နှင့် ညွှန်ကြားချက်များကို လေ့လာသုံးသပ်တင်ပြရန်၊

( ဂ ) မြေအောက်ရေစီမံခန့်ခွဲမှုဥပဒေ (မူကြမ်း) ကို ရေးဆွဲပြုစု၍ မြေအောက်ရေစီမံခန့်ခွဲမှုဗဟိုကော်မတီသို့ တင်ပြရန်၊

(ဃ) မြေအောက်ရေစီမံခန့်ခွဲမှုဥပဒေ ရေးဆွဲပြုစုရေးနှင့်စပ်လျဉ်း၍ မြေအောက်ရေစီမံခန့်ခွဲမှုဗဟိုကော်မတီက ပေးအပ်သည့် အခြားတာဝန်များကို ဆောင်ရွက်ရန်၊

( င ) မြေအောက်ရေစီမံခန့်ခွဲမှုဥပဒေ ရေးဆွဲပြုစုရေးလုပ်ငန်းကော်မတီ၏ အစည်းအဝေးကို (၁) လ တစ်ကြိမ် ကျင်းပရန်။

ခင်မောင်ရီ
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**စက်မှုဝန်ကြီးဌာန**

**အမိန့်ကြော်ငြာစာအမှတ် (၁၀/၂၀၂၅)**

၁၃၈၇ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၅ ရက်
(၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၂၄ ရက်)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၂၃ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁၀၇/ ၂၀၂၅ အရ စက်မှုဝန်ကြီးဌာန၊ စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးမြဦး ကို အစမ်းခန့်ကာလ (၁) နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

**အမိန့်ကြော်ငြာစာအမှတ် (၁၁/၂၀၂၅)**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၂၃ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁၀၇/၂၀၂၅ အရ စက်မှုဝန်ကြီးဌာန၊ စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်တင်တင်ထူး ကို အမှတ် (၂) အကြီးစားစက်မှုလုပ်ငန်း၊ ဦးဆောင်ညွှန်ကြားရေးမှူး ရာထူးနေရာတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

ဒေါက်တာ ချာလီသန်း
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စက်မှုဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**

**(ပြည်ထောင်စုဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၅၆/၂၀၂၅)**

၁၃၈၇ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၃ ရက်
(၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၂၂ ရက်)

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မူပိုင်ခွင့်ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်သိင်္ဂီဝင်းလွင်၊ ၁၄/ ဓနဖ (နိုင်) ၁၀၂၃၀၂ အား လုပ်ငန်းတာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့်နေ့မှစ၍ ညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ရာထူးသို့ တိုးမြှင့်ခန့်ထားလိုက်သည်။

**(ပြည်ထောင်စုဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၅၇/၂၀၂၅)**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့မှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်သီတာဝင်းငွေ၊ ၉/ သစန (နိုင်) ၀၀၆၀၄၃ အား လုပ်ငန်းတာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့်နေ့မှစ၍ ညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ရာထူးသို့ တိုးမြှင့်ခန့်ထားလိုက်သည်။

**(ပြည်ထောင်စုဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၅၈/၂၀၂၅)**

၁၃၈၇ ခုနှစ်၊ ဝါခေါင်လဆန်း ၄ ရက်
(၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၂၈ ရက်)

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၏ ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ၁၂ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၈၄/ ၂၀၂၄ ဖြင့် အစမ်းခန့်ထားခဲ့သည့် ဦးခိုင်ထူး၊ ၁၃/ ကမန (နိုင်) ၁၅၁၁၃၄၊ ဦးစီးအရာရှိ၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးဖြင့် ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) ၌ ဖွင့်လှစ်သော အရာထမ်းလောင်း (အထူး) သင်တန်း အမှတ်စဉ် (၁၃) သို့ တက်ရောက်အောင်မြင်ပြီးသည့်နေ့မှစ၍ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့တွင် အတည်ပြုခန့်ထားလိုက်သည်။

ထွန်းအုံ
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ပညာရေးဝန်ကြီးဌာန**

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၁၉၈/၂၀၂၅)**

၁၃၈၇ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၂ ရက်

(၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၂၁ ရက်)

၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၁၆ ရက်နေ့တွင်ကျင်းပပြီးစီးခဲ့သော ပညာရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေး ကော်မတီ အစည်းအဝေးအမှတ်စဉ် (၁၀/၂၀၂၅) အစီအစဉ် ၄ (ဃ-၁) ၌ သဘောတူဆုံးဖြတ်ချက်အရ အဆင့်မြင့်ပညာဦးစီးဌာန၊ ရွှေဘိုတက္ကသိုလ်၊ ပါမောက္ခချုပ် ဒေါက်တာ မျိုးမျိုး အား ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၇ ရက်နေ့မှစ၍ အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လ လျှောက်ထားခြင်းကို နိုင်ငံ့ဝန်ထမ်းဥပဒေ ပုဒ်မ ၂၂ နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၈၁ တို့အရ အများပြည်သူအကျိုးငှာ ငြင်းပယ် လိုက်သည်။

ငြင်းပယ်ခဲ့သော အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၇ ရက်နေ့မှစ၍ ခံစားခွင့်ပြုပြီးနောက် ယင်းခွင့်ရက်များကုန်ဆုံးသည့် ၂၀၂၆ ခုနှစ်၊ မေလ ၇ ရက်နေ့ နံနက်ပိုင်းမှစ၍ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၅၆ ပုဒ်မခွဲ (က)၊ ပုဒ်မ ၅၇ နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၂၃၃ (က) တို့အရ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၂၀၂/၂၀၂၅)**

၁၃၈၇ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၅ ရက်

(၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၂၄ ရက်)

ပညာရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး၏ ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၂ ရက်စွဲပါ စာအမှတ်၊ အုပ်ချုပ်မှု (တိုးမြှင့်)/၂၀၂၅ (၇၄၉၂) နှင့် (၇၄၉၃) အရ အဆင့်မြင့်ပညာဦးစီးဌာန၊ တက္ကသိုလ်အသီးသီးတွင် ရာထူး တိုးမြှင့်ခန့်ထားခဲ့သော အောက်ဖော်ပြပါ ပုဂ္ဂိုလ်များသည် ၎င်းတို့၏ တာဝန်ဝတ္တရားများကို ယှဉ်တွဲ ဖော်ပြပါနေ့ရက်များတွင် စတင်ထမ်းဆောင်သည်-

| စဉ် | အမည် | ရာထူး၊ ဌာန | စတင်ထမ်းဆောင်သည့်နေ့ |
|---|---|---|---|
| (က) | ဒေါက်တာ မေလင်းအောင် | ဒုတိယပါမောက္ခချုပ်<br>မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ် | ၃-၇-၂၀၂၅<br>နံနက်ပိုင်း |
| (ခ) | ဒေါက်တာ မီးမီးတင်သိန်း | ဒုတိယပါမောက္ခချုပ်<br>မုံရွာတက္ကသိုလ် | ၄-၇-၂၀၂၅<br>နံနက်ပိုင်း |

**(ဝန်ကြီးရုံး)**

၁၃၈၇ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၂ ရက်

(၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၂၀ ရက်)

**ရုံးတွင်းအမိန့်**

အမှတ် ၄၂။  ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာန၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်မှ ဒုတိယပါမောက္ခချုပ် ဒေါက်တာ မျိုးမင်းထွန်း အား အဆိုပါတက္ကသိုလ်၏ ခေတ္တပါမောက္ခချုပ်အဖြစ် အလုပ်တာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့်နေ့မှစ၍ တာဝန်ပေးအပ်လိုက်သည်။

ဒေါက်တာ ညွန့်ဖေ

ပြည်ထောင်စုဝန်ကြီး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

ပညာရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ကျန်းမာရေးဝန်ကြီးဌာန**

၁၃၈၇ ခုနှစ်၊ ဝါခေါင်လဆန်း ၄ ရက်

(၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၂၈ ရက်)

အမှတ် ၁၈၆။  ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၂၄ ရက်နေ့တွင်ကျင်းပပြုလုပ်သော ကျန်းမာရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ ညှိနှိုင်းအစည်းအဝေးအမှတ်စဉ် (၁၂/၂၀၂၅) ၏ သဘောတူဆုံးဖြတ်ချက်အရ တိုင်းရင်းဆေးပညာဦးစီးဌာန(ရုံးချုပ်)မှအောက်ဖော်ပြပါညွှန်ကြားရေးမှူး၊လစာနှုန်း(၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) အား ၎င်း၏ အမည်နှင့် ယှဉ်တွဲဖော်ပြပါ တိုင်းရင်းဆေးတက္ကသိုလ်ရှိ ဒုတိယပါမောက္ခချုပ် (စီမံ)၊ လစာနှုန်း (၄၁၈,၀၀၀-၄,၀၀၀-၄၃၈,၀၀၀) ရာထူးနေရာသို့ အလုပ်တာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့်နေ့မှစ၍ ရာထူးတိုးမြှင့်ခန့်ထားလိုက်သည်-

| **အမည်၊ ရာထူး၊ ဌာန** | **တိုးမြှင့်ခန့်ထားသည့် ရာထူး၊ ဌာန** |
|---|---|
| ဒေါက်တာ မြင့်မြင့်သန်း (တဆ-၁၀၅၈)<br>Dip. T. Med<br>Ph.D (Chemistry)<br>M.Phil Pharmaceutical Science<br>Master of Public Administration<br>ညွှန်ကြားရေးမှူး (ဆေးဝါး/ဥယျာဉ်)<br>ဆေးဝါး/ဥယျာဉ်ဌာနခွဲ<br>တိုင်းရင်းဆေးပညာဦးစီးဌာန (ရုံးချုပ်) | ဒုတိယပါမောက္ခချုပ် (စီမံ)<br>တိုင်းရင်းဆေးတက္ကသိုလ်၊ မန္တလေးမြို့ |

မှတ်ချက်။  ရာထူးတိုးမြှင့်ခြင်းခံရသည့်ပုဂ္ဂိုလ်သည် အမိန့်စာထွက်ပြီး သတ်မှတ်ရက်အတွင်း အလုပ်တာဝန်များ လွှဲပြောင်း၊ လက်ခံရန်နှင့် တိုင်းရင်းဆေးပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ထံ သွားရောက်တွေ့ဆုံရန်ဖြစ်သည်။

**(ဝန်ကြီးရုံး)**

အမှတ် ၁၈၇။  ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၂၄ ရက်နေ့တွင်ကျင်းပပြုလုပ်သော ကျန်းမာရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ ညှိနှိုင်းအစည်းအဝေးအမှတ်စဉ် (၁၂/ ၂၀၂၅) ၏ သဘောတူခွင့်ပြုချက်အရ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး (စီမံ)၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ဒေါက်တာ ကျော်ကျော်လွင် (သခ-၈၃၆) အား ကုသရေးဦးစီးဌာန၊ ဗဟိုအဆင့်ဆေးရုံများကွပ်ကဲရေးမှူး၊ လစာနှုန်း (၄၁၈,၀၀၀-၄,၀၀၀-၄၃၈,၀၀၀) အဖြစ် ရာထူးတိုးမြှင့်ခန့်ထားလိုက်သည်။

(ဝန်ကြီးရုံး)

အမှတ် ၁၈၈။ ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၂၄ ရက်နေ့တွင်ကျင်းပပြုလုပ်သော ကျန်းမာရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ ညှိနှိုင်းအစည်းအဝေးအမှတ်စဉ် (၁၂/၂၀၂၅) ၏ သဘောတူခွင့်ပြုချက်အရ ဆေးသုတေသနဦးစီးဌာနမှ ညွှန်ကြားရေးမှူး (အထွေထွေစီမံခန့်ခွဲရေး)၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ဒေါက်တာ တင်ဦး (Ph.D) အား လစ်လပ်လျက်ရှိသော ဒုတိယညွှန်ကြားရေးမှူးချုပ် (စီမံ/ဘဏ္ဍာ)၊ လစာနှုန်း (၄၁၈,၀၀၀-၄,၀၀၀-၄၃၈,၀၀၀) အဖြစ် ရာထူးတိုးမြှင့်ခန့်ထားလိုက်သည်။

ဒေါက်တာ သက်ခိုင်ဝင်း
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ကျန်းမာရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

# ဆောက်လုပ်ရေးဝန်ကြီးဌာန

## အမိန့်ကြော်ငြာစာအမှတ် (၀၁၃/၂၀၂၅)

နေပြည်တော်၊ ၁၃၈၇ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၄ ရက်
(၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၂၃ ရက်)

## မြေလွှဲပြောင်းပေးခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးသည် ၁၉၅၁ ခုနှစ်၊ နိုင်ငံတော်ပြည်သူ့အိုးအိမ်ပြန်လည်ထူထောင်ရေးနှင့် မြို့ရွာစည်ပင်ရေးအဖွဲ့အက်ဥပဒေ ပုဒ်မ ၂၇ (၁) (ခ-၁) အရ အပ်နှင်းထားသည့် အခွင့်အာဏာများကိုသုံးစွဲလျက် ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၄၃)၊ မြေကွက်အမှတ် (၁/က)၊ ဧရိယာ ၃.၇၈၂ ဧကရှိ အစိုးရမြေနေရာအား ကျွမ်းကျင်မှုလေ့ကျင့်ရေးသင်တန်းကျောင်း အသုံးပြုရန်အတွက် အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၊ အလုပ်သမားဝန်ကြီးဌာနသို့ အောက်ပါစည်းကမ်းချက်များဖြင့် လွှဲပြောင်းပေးလိုက်သည်-

(က) ဖော်ပြပါမြေကို အများပြည်သူအကျိုးငှာ အလုပ်သမားညွှန်ကြားရေးဦးစီးဌာနအတွက်သာ အသုံးပြုရန်နှင့် အခြားနည်းဖြင့် အသုံးမပြုရ။

(ခ) ထိုမြေကို အလုပ်သမားဝန်ကြီးဌာနမှ အသုံးပြုရန်မလိုအပ်သည့်အခါ ဤဝန်ကြီးဌာနသို့ ပြန်လည်အပ်နှံရန်နှင့် အစိုးရက ပြန်လည်သိမ်းယူမည်။

(ဂ) မြေကိုအသုံးပြုရာတွင် အလုပ်သမားဝန်ကြီးဌာနနှင့် ဤဝန်ကြီးဌာနတို့ အယူအဆသဘောထားကွဲလွဲမှုရှိသည့်အခါ ယင်းကိစ္စကို ပြည်ထောင်စုအစိုးရအဖွဲ့သို့တင်ပြ၍ အဆုံးအဖြတ်ခံယူရမည်။

၂။ **လွှဲပြောင်းပေးသည့် မြေ၏အကြောင်းအရာဖော်ပြချက်**

| တိုင်းဒေသကြီး | မြို့နယ် | မြေတိုင်းရပ်ကွက် အမှတ် | မြေကွက် အမှတ် | ခန့်မှန်းမြေဧရိယာ | | မှတ်ချက် |
|---|---|---|---|---|---|---|
| | | | | ဧက | ဒသမ | |
| ရန်ကုန်တိုင်း ဒေသကြီး | ဒဂုံမြို့သစ် (မြောက်ပိုင်း) | ၄၃ | ၁/က | ၃ | ၇၈၂ | |
| စုစုပေါင်း | | | | ၃ | ၇၈၂ | |

၃။ **နယ်နိမိတ်အလားအလာဖော်ပြချက်**

| | | |
|---|---|---|
| အရှေ့လားသော် | – | မင်္ဂလာလမ်း |
| အနောက်လားသော် | – | ဗိုလ်မင်းရောင်လမ်း |
| တောင်လားသော် | – | မင်းရဲကျော်စွာလမ်း |
| မြောက်လားသော် | – | လမ်း |

၄။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၏ ၂၀၂၅ ခုနှစ်၊ ဧပြီလ ၁၃ ရက်စွဲပါ ခွင့်ပြုချက်နှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ၏ ၂၀၂၅ ခုနှစ်၊ မေလ ၂၈ ရက်နေ့တွင်ကျင်းပ ပြုလုပ်သော စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၆/၂၀၂၅) အရ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၄၃)၊ မြေကွက်အမှတ် (၁/က)၊ ဧရိယာ ၃.၇၈၂ ဧကရှိ အစိုးရမြေနေရာအား ကျွမ်းကျင်မှုလေ့ကျင့်ရေးသင်တန်းကျောင်း အသုံးပြုရန်အတွက် အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၊ အလုပ်သမားဝန်ကြီးဌာနသို့ အမိန့်ကြော်ငြာစာ (ပြန်တမ်း) ဖြင့် လွှဲပြောင်းပေးပါသည်။

မျိုးသန့်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ဆောက်လုပ်ရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန**

**(ပြည်ထောင်စုဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၃၈/၂၀၂၅)**

နေပြည်တော်၊ ၁၃၈၇ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၃ ရက်
(၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၂၂ ရက်)

၁။ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ (၁/၂၀၂၄) အစည်းအဝေးမှတ်တမ်း အရ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်နိုင်ရေးနှင့် သဘာဝဘေးအန္တရာယ်ကြောင့်ဖြစ်ပေါ်လာ နိုင်သော ဝန်ကြီးဌာန၏ ရုံးအဆောက်အဦများ၊ နိုင်ငံပိုင်အိမ်ရာ အဆောက်အဦများနှင့် ပစ္စည်းများပျက်စီး ဆုံးရှုံးမှုများ လျော့နည်းသက်သာစေရေး၊ ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုဝင်များ ထိခိုက်မှုမရှိစေရေးအတွက် သဘာဝဘေးအန္တရာယ်ဆိုင်ရာ ကြိုတင်ပြင်ဆင်ခြင်း၊ အရေးပေါ်တုံ့ပြန်ခြင်း၊ ပြန်လည်ထူထောင်ခြင်း ဆိုင်ရာကိစ္စရပ်များ ကြိုတင်ကာကွယ်နိုင်ရေးနှင့် အထက်အကြီးအကဲများ၏ လမ်းညွှန်မှုများအား အချိန်နှင့် တစ်ပြေးညီ ပူးပေါင်းဆောင်ရွက်နိုင်ရန် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၊ သဘာဝဘေးအန္တရာယ် ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီကို အောက်ပါပုဂ္ဂိုလ်များဖြင့် ပြင်ဆင်ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည်–

| စဉ် | အမည်၊ ရာထူး၊ ဌာန | တာဝန် |
|---|---|---|
| (က) | ခွန်သန့်ဇော်ထူး<br>ပြည်ထောင်စုဝန်ကြီး<br>တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန | ဥက္ကဋ္ဌ |

| စဉ် | အမည်၊ ရာထူး၊ ဌာန | တာဝန် |
|---|---|---|
| ( ခ ) | ဦးဇော်အေးမောင်<br>ဒုတိယဝန်ကြီး<br>တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| ( ဂ ) | ဦးဝင်းနိုင်<br>ညွှန်ကြားရေးမှူးချုပ်<br>တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာန | အဖွဲ့ဝင် |
| (ဃ) | ဦးမင်းအေးကို<br>ညွှန်ကြားရေးမှူးချုပ်<br>တိုင်းရင်းသားအခွင့်အရေးများကာကွယ်စောင့်ရှောက်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| ( င ) | ဦးဇော်ထွန်း<br>ဒုတိယအမြဲတမ်းအတွင်းဝန်<br>တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( စ ) | ဒေါ်နန်းလောဝ်ဟွမ်<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>တိုင်းရင်းသားအခွင့်အရေးများကာကွယ်စောင့်ရှောက်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဆ) | ဒေါက်တာ အယ်လ်တူးမိန်းဂေါင်<br>အမြဲတမ်းအတွင်းဝန်<br>တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန | အတွင်းရေးမှူး |
| ( ဇ ) | ဦးမင်းသူရအောင်<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာန | တွဲဖက်အတွင်းရေးမှူး |

၂။ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

(က) ကော်မတီ၏ လုပ်ငန်းစဉ်များအား အကောင်အထည်ဖော်ရန်အတွက် လိုအပ်သောအဖွဲ့များ ဖွဲ့စည်းပေးခြင်း၊ အဆင့်ဆင့်သောလုပ်ငန်းများအနက် အရေးကြီးသော လုပ်ငန်းများအား မူဝါဒပေးခြင်း၊ ကော်မတီ၏ လုပ်ငန်းဆောင်ရွက်ချက်တိုးတက်မှုကို ပြန်လည်သုံးသပ်၍ လိုအပ်သလိုလမ်းညွှန်ရန်၊

( ခ ) သဘာဝဘေးကြုံတွေ့နေချိန်တွင် ဌာနတွင်းအင်အားစုများကို လိုအပ်သလို ထုတ်နုတ်သုံးစွဲနိုင်ရေးအတွက် မူဝါဒဆိုင်ရာ လမ်းညွှန်ချက်များ ချမှတ်ပေးရန်၊

( ဂ ) အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ အကူအညီလိုအပ်သည်ဟုဆုံးဖြတ်သော ကိစ္စများအတွက် ပေါင်းစပ်ဆောင်ရွက်ရေးဆိုင်ရာ အခြေခံမူများ ချမှတ်ပေးရန်၊

(ဃ) ဘဏ္ဍာရေးဆိုင်ရာ လိုအပ်ချက်နှင့် လိုအပ်သောအရင်းအမြစ်များအတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီသို့ တင်ပြတောင်းခံ၍ ဤဝန်ကြီးဌာနရှိ လိုအပ်သောဌာနများသို့ ကူညီပံ့ပိုးပေးရန်၊

( င ) သဘာဝဘေးအန္တရာယ်သင့်သူများအတွက် လိုအပ်သော လူသားချင်းစာနာမှုအကူအညီများ ထောက်ပံ့နိုင်ရန် သက်ဆိုင်သည့်အစိုးရဌာန၊ အဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ နိုင်ငံတကာအကူအညီပေးသူများနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သောအစီအစဉ်များ ညှိနှိုင်းဖော်ဆောင်ပေးရန်၊

(စ) သဘာဝဘေးအန္တရာယ် ကာကွယ်စောင့်ရှောက်ရေး စီမံခန့်ခွဲမှုလုပ်ငန်းများကို ထိရောက်စွာ ဆောင်ရွက်နိုင်ရေးနှင့် အခက်အခဲအဟန့်အတားများ မရှိစေရေးအတွက်လည်းကောင်း၊ သဘာဝဘေးကြုံတွေ့ချိန်နှင့် ကြုံတွေ့ပြီးချိန်များတွင် ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက်လည်းကောင်း လိုအပ်ပါက သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးရန်။

၃။ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၏ ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၂၃ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၃၈/၂၀၂၄ အား ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

ခွန်သန့်ဇော်ထူး
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**မြန်မာနိုင်ငံတော်ဗဟိုဘဏ်**

**အမိန့်ကြော်ငြာစာအမှတ် (၂၅/၂၀၂၅)**

၁၃၈၇ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၃ ရက်
(၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၂၂ ရက်)

**ရာထူးတိုးမြှင့်ခန့်ထားခြင်း**

၁။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ အောက်ဖော်ပြပါ ဒုတိယညွှန်ကြားရေးမှူး (၁၃) ဦးတို့အား ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၂၂ ရက်နေ့မှစ၍ ညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ရာထူးသို့ တိုးမြှင့်ခန့်ထားလိုက်သည်-

| စဉ် | အမည် | လက်ရှိဌာန |
|---|---|---|
| (က) | ဦးနိုင်မင်းထွန်း | ငွေကြေးလုပ်ငန်းအုပ်ချုပ်မှုဌာန (မန္တလေးဘဏ်ခွဲ) |
| (ခ) | ဦးဇေယျာစိုး | ပို့ကုန်ရငွေနှင့် လိုင်စင်များကြီးကြပ်စိစစ်ရေးဌာန |
| (ဂ) | ဒေါ်ခင်ဆွေနွဲ့မူ | ငွေကြေးလုပ်ငန်းအုပ်ချုပ်မှုဌာန (မန္တလေးဘဏ်ခွဲ) |
| (ဃ) | ဒေါ်မေသူဝင်း | သတင်းအချက်အလက်နှင့် နည်းပညာဌာန (နေပြည်တော်) |
| (င) | ဒေါ်သူဇာဝင်း | ငွေရေးကြေးရေးဈေးကွက်ဌာန |
| (စ) | ဦးဟိန်းထွန်းဆွေ | စီမံခန့်ခွဲမှုနှင့် လူသားအရင်းအမြစ်ဖွံ့ဖြိုးရေးဌာန (ရန်ကုန်ဘဏ်ခွဲ) |
| (ဆ) | ဒေါ်စိမ်း | ဘဏ်တွင်းစာရင်းစစ်ဌာန |
| (ဇ) | ဒေါ်ချောစုအောင် | ငွေပေးချေမှုနှင့် စာရင်းရှင်းလင်းမှုဌာန |
| (ဈ) | ဒေါ်စောစောထွေး | ပို့ကုန်ရငွေနှင့် လိုင်စင်များကြီးကြပ်စိစစ်ရေးဌာန |
| (ည) | ဒေါ်မေအိမြိုင် | ငွေရေးကြေးရေးဈေးကွက်ဌာန |
| (ဋ) | ဒေါ်နွဲ့နွဲ့ဝင်း | ဒါရိုက်တာအဖွဲ့အတွင်းရေးမှူးရုံး |
| (ဌ) | ဒေါ်မြမြညွန့် | ငွေကြေးလုပ်ငန်းအုပ်ချုပ်မှုဌာန (ရန်ကုန်ဘဏ်ခွဲ) |
| (ဍ) | ဦးမြင့်ဇော် | ဥက္ကဋ္ဌရုံး |

၂။ ၎င်းတို့သည် မည်သည့်ဌာနတွင် တာဝန်ထမ်းဆောင်ရမည်ကို ဆက်လက်ထုတ်ပြန်ပါမည်။

**အမိန့်ကြော်ငြာစာအမှတ် (၂၆/၂၀၂၅)**

၁၃၈၇ ခုနှစ်၊ ဝါခေါင်လဆန်း ၁ ရက်

(၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၂၅ ရက်)

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ပြောင်းရွှေ့ခန့်ထားခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၂၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁၀၅/၂၀၂၅ အရ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ဘဏ်လုပ်ငန်းစည်းမျဉ်းနှင့် ကြီးကြပ်စစ်ဆေးရေးဌာနကြီးမှ ညွှန်ကြားရေးမှူးချုပ် ဒေါ်မေခိုင်ဝင်း အား ဥက္ကဋ္ဌရုံးသို့ တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှ စ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

သန်းသန်းဆွေ

ဥက္ကဋ္ဌ

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**မွန်ပြည်နယ်အစိုးရအဖွဲ့**

**အမိန့်ကြော်ငြာစာအမှတ် (၁၀/၂၀၂၅)**

၁၃၈၇ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၉ ရက်

(၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၁၈ ရက်)

၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၁၀ ရက်နေ့တွင်ကျင်းပပြုလုပ်သည့် ပြည်ထောင်စုရာထူးဝန်အဖွဲ့ အစည်းအဝေး အမှတ်စဉ် (၂၄/၂၀၂၅) အရ မွန်ပြည်နယ်အစိုးရအဖွဲ့ကွပ်ကဲမှုအောက်ရှိ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ များမှ တာဝန်ထမ်းဆောင်လျက်ရှိသည့် အောက်ဖော်ပြပါ အငယ်တန်းအင်ဂျင်နီယာ-၂ (၉) ဦးတို့အား တာဝန်ဝတ္တရားများကို စတင်ထမ်းဆောင်သည့်ရက်နေ့မှစ၍ လက်ထောက်အင်ဂျင်နီယာ၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးအဆင့်သို့ တိုးမြှင့်ခန့်ထားလိုက်သည်-

(က) ဦးဇာနည်မင်း

( ခ ) ဒေါ်အေးဝါဝါတင်

( ဂ ) ဦးဇော်မြင့်ဦး

(ဃ) ဦးသိန်းဇော်

( င ) ဦးအေးမင်းထွန်း

( စ ) ဦးကျော်လင်းဦး

(ဆ) ဦးကျော်ဇော

( ဇ ) ဒေါ်သန်းသန်းဌေး

( ဈ ) ဦးထွန်းမြင့်အောင်

အောင်ကြည်သိန်း

ပြည်နယ်ဝန်ကြီးချုပ်

မွန်ပြည်နယ်အစိုးရအဖွဲ့

မှတ်ပုံတင်အမှတ်–၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

ရန်ကုန်မြို့ { ၁၃၈၇ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၄ ရက် (၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၂၂ ရက်) } သောကြာနေ့

ဤအပိုင်းကို သီးခြားစုပေါင်း၍ တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၂

### နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး

### ညွှန်ကြားချက်အမှတ် (၃/၂၀၂၅)

၁၃၈၇ ခုနှစ်၊ ဝါခေါင်လဆန်း ၆ ရက်

(၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၃၀ ရက်)

### ခရိုင်အုပ်ချုပ်ရေးဆိုင်ရာညွှန်ကြားချက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်သူ့ကောင်စီအဆင့်ဆင့်နှင့် အလုပ်အမှုဆောင်အဖွဲ့ အဆင့်ဆင့်တို့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်ဥပဒေပုဒ်မ ၁၃၆ ပါ လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ဤညွှန်ကြားချက်ကို ထုတ်ပြန်လိုက်သည်။

### အခန်း (၁)

### အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤညွှန်ကြားချက်ကို **ခရိုင်အုပ်ချုပ်ရေးဆိုင်ရာညွှန်ကြားချက်** ဟု ခေါ်တွင်စေရမည်။

၂။ ဤညွှန်ကြားချက်တွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်–

(က) **တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့** ဆိုသည်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ဥပဒေတို့အရ ဖွဲ့စည်းသောအစိုးရအဖွဲ့ကို ဆိုသည်။

(ခ) **နေပြည်တော်ကောင်စီ** ဆိုသည်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် နေပြည်တော်ကောင်စီဥပဒေတို့အရ ဖွဲ့စည်းသော နေပြည်တော်ကောင်စီကို ဆိုသည်။

(ဂ) **ဦးစီးအဖွဲ့** ဆိုသည်မှာ သက်ဆိုင်ရာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့ကို ဆိုသည်။

(ဃ) **ခရိုင်အုပ်ချုပ်ရေးမှူး** ဆိုသည်မှာ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးကို ဆိုသည်။

(င) **မြို့နယ်အုပ်ချုပ်ရေးမှူး** ဆိုသည်မှာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးကို ဆိုသည်။

(စ) **ခရိုင်ကော်မတီ** ဆိုသည်မှာ ဤညွှန်ကြားချက်အရ ဖွဲ့စည်းသည့် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီကို ဆိုသည်။

(ဆ) **မြို့နယ်ကော်မတီ** ဆိုသည်မှာ မြို့နယ်အုပ်ချုပ်ရေးဆိုင်ရာညွှန်ကြားချက်အရ ဖွဲ့စည်းသည့် မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီကို ဆိုသည်။

## အခန်း (၂)

## ရည်ရွယ်ချက်

၃။ ဤညွှန်ကြားချက်၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) နိုင်ငံတော်၏မူဝါဒများကို ဥပဒေနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်၊

(ခ) တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် ကောင်းမွန်သော ဒေသန္တရအုပ်ချုပ်ရေးစနစ်ကို ဖော်ဆောင်နိုင်ရန်၊

(ဂ) ပြည်သူကိုဗဟိုပြုသည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်၊

(ဃ) ခရိုင်အဆင့်အုပ်ချုပ်ရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပြည်သူများ၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်၊

(င) ခရိုင်အဆင့်အုပ်ချုပ်ရေးလုပ်ငန်းများကို စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆောင်ရွက်၍ လူမှုစီးပွား ဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်၊

(စ) ခရိုင်အဆင့်အုပ်ချုပ်ရေးလုပ်ငန်းများကို ပါဝင်ဆောင်ရွက်ကြမည့် အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း အချင်းချင်း အပြန်အလှန်ပူးပေါင်းဆောင်ရွက်မှုဖြင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်။

## အခန်း (၃)

## ခရိုင်အုပ်ချုပ်ရေးမှူး၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၄။ ခရိုင်အုပ်ချုပ်ရေးမှူးသည် သက်ဆိုင်ရာခရိုင်၏ အုပ်ချုပ်ရေးတာဝန်ခံဖြစ်သည်။

၅။ သက်ဆိုင်ရာခရိုင်အုပ်ချုပ်ရေးမှူးသည် အောက်ပါကိစ္စရပ်များနှင့်စပ်လျဉ်း၍ မြို့နယ်အုပ်ချုပ်ရေးမှူးအား ကြည့်ရှုစစ်ဆေးစေခြင်း၊ သတင်းရရှိစေရေး စီစဉ်ဆောင်ရွက်ခြင်းများပြုရမည့်အပြင် မြို့နယ်အုပ်ချုပ်ရေးမှူး၏ စစ်ဆေးတွေ့ရှိမှု၊ သတင်းရရှိမှုအခြေအနေများကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၊ နေပြည်တော်ကောင်စီ သို့မဟုတ် ဦးစီးအဖွဲ့သို့ ချက်ချင်းတင်ပြရမည်-

(က) နိုင်ငံတော်နယ်နိမိတ်မှတ်တိုင်များ၊ နယ်နိမိတ်ရည်ညွှန်းမှတ်တိုင်များ၊ နယ်နိမိတ်အထောက်အထား မှတ်တိုင်များ၊ နယ်နိမိတ်ခြံစည်းရိုးများ ပျက်စီးယိုယွင်းမှု၊ ပျောက်ဆုံးမှု သို့မဟုတ် နေရာပြောင်းရွှေ့မှု၊

(ခ) မိမိဒေသနှင့် နယ်နိမိတ်ချင်းဆက်စပ်နေသော အိမ်နီးချင်းနိုင်ငံများ၏ နယ်မြေဒေသအကြား ဖြစ်ပေါ်သော ပြဿနာများ၊ ထူးခြားသည့်အခြေအနေများ၊

(ဂ) မိမိဒေသနှင့် နယ်နိမိတ်ချင်းဆက်စပ်နေသော အိမ်နီးချင်းနိုင်ငံများ၏ နယ်မြေဒေသတို့အကြားရှိ နယ်နိမိတ် မြစ်၊ ချောင်းများ၏ ရေကြောင်းပြောင်းလဲမှုများနှင့် ရေကြောင်းပြောင်းလဲစေရန် တစ်နည်းနည်းဖြင့် ဆောင်ရွက်မှုများ၊

(ဃ) နိုင်ငံတော်နယ်နိမိတ်မျဉ်းတစ်လျှောက် တရားမဝင် ဝင်ထွက်သွားလာမှုနှင့် နှစ်နိုင်ငံအဆောက်အဦ မဆောက်လုပ်ရဖို့နှိုန်အတွင်း အဆောက်အဦနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်မှု၊

(င) နိုင်ငံတော်နယ်နိမိတ်အဖြစ် တည်ရှိသော မြစ်၊ ချောင်းများအတွင်း အဆိပ်အတောက်၊ ဘေးဥပဒ်ဖြစ်စေသောအရာများကို တစ်ဖက်နိုင်ငံ သို့မဟုတ် မိမိဒေသက စွန့်ပစ်မှု၊ နယ်စပ်ဒေသတစ်ဖက်နိုင်ငံတွင် ကူးစက်မြန်ရောဂါ သို့မဟုတ် ကူးစက်ရောဂါဖြစ်ပွားမှု၊

(စ) နိုင်ငံတော်နယ်နိမိတ်တောင်ကြောတွင် တစ်ဖက်နိုင်ငံက ကျောက်မိုင်း သို့မဟုတ် သတ္တုတူးဖော်မှု၊ မိမိပိုင်နက်နယ်မြေအတွင်း နှစ်တို၊ နှစ်ရှည်ပင်ကျူးကျော်ဝင်ရောက် စိုက်ပျိုးလုပ်ကိုင်မှု၊

(ဆ) နယ်စပ်ဒေသတွင် တစ်ဖက်နိုင်ငံက စစ်ရေးလှုပ်ရှားမှု သို့မဟုတ် စစ်စခန်းတည်ဆောက်မှု၊ စစ်မက်ရေးရာနှင့်စပ်လျဉ်းသည့် အခြားကိစ္စရပ်များပြုလုပ်မှု၊ ပြည်ပမှ ကျူးကျော်ဝင်ရောက်မှု။

၆။ သက်ဆိုင်ရာခရိုင်အုပ်ချုပ်ရေးမှူးသည် နယ်စပ်ရေးရာကိစ္စနှင့်စပ်လျဉ်း၍-

(က) သက်ဆိုင်ရာနိုင်ငံနှင့် ညှိနှိုင်းဆွေးနွေးခြင်း၊ ကြီးကြပ်ခြင်းပြုရာတွင် ညွှန်ကြားချက်နှင့်အညီ ဆောင်ရွက်ရမည်။

(ခ) နိုင်ငံတော်၏မူဝါဒ၊ နှစ်နိုင်ငံသဘောတူစာချုပ်ပါ လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်ရမည်။

(ဂ) နှစ်နိုင်ငံချုပ်ဆိုထားသည့် စာချုပ်ပါ အချက်များကို သက်ဆိုင်ရာနိုင်ငံက လိုက်နာခြင်းမရှိကြောင်း တွေ့ရှိပါက တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၊ နေပြည်တော်ကောင်စီ သို့မဟုတ် ဦးစီးအဖွဲ့သို့ တင်ပြပြီး ညွှန်ကြားချက်နှင့်အညီ ဆောင်ရွက်ရမည်။

၇။ သက်ဆိုင်ရာခရိုင်အုပ်ချုပ်ရေးမှူးသည် နှစ်နိုင်ငံချစ်ကြည်ရေးမြို့တော် မိတ်ဖက်ထူထောင်ရေးကိစ္စများ၊ နယ်စပ်ဈေး၊ နယ်စပ်ဂိတ်၊ နယ်စပ်ကုန်သွယ်ရေး၊ လူဝင်မှုကြီးကြပ်ရေးစသည့်ကဏ္ဍများကို သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများက တည်ဆဲဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရာတွင် ပူးပေါင်းဆောင်ရွက်ရမည်။

၈။ ခရိုင်အုပ်ချုပ်ရေးမှူးသည် အများပြည်သူအကျိုးငှာ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် အထွေထွေစည်းကမ်းလိုက်နာစေရေးအတွက် ဥပဒေနှင့်အညီ အမိန့်နှင့်ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည်။

၉။ ခရိုင်အုပ်ချုပ်ရေးမှူးသည် အစိုးရအဖွဲ့အစည်းအဆင့်ဆင့်က ကြီးမှူးကျင်းပသည့် အခမ်းအနားများနှင့် အကောင်အထည်ဖော်ဆောင်ရွက်သည့် လုပ်ငန်းများတွင် ပြည်သူလူထုပူးပေါင်းပါဝင်စေရေးအတွက် ပေါင်းစပ်ညှိနှိုင်းခြင်း၊ ဆွေးနွေးစည်းရုံးခြင်းတို့ကို ဆောင်ရွက်ရန် တာဝန်ရှိသည်။

၁၀။ ခရိုင်အုပ်ချုပ်ရေးမှူးသည်-

(က) ခရိုင်အဆင့်အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၏ လုပ်ငန်းဆောင်ရွက်မှုများကို တည်ဆဲဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီဖြစ်စေရန် ပေါင်းစပ်ညှိနှိုင်းခြင်း၊ ကြီးကြပ်ခြင်း သို့မဟုတ် စစ်ဆေးခြင်းပြုနိုင်သည်။

(ခ) အပိုဒ်ခွဲ (က) ပါ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းမှအပ ခရိုင်အတွင်း တာဝန်ထမ်းဆောင်လျက်ရှိသော နယ်ဘက်ဝန်ထမ်းအဖွဲ့အစည်းများ၏ လုပ်ငန်းဆောင်ရွက်မှုများကို ပေါင်းစပ်ညှိနှိုင်းပေးခြင်း သို့မဟုတ် ကြီးကြပ်ခြင်းပြုနိုင်သည်။

## အခန်း (၄)

## ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ

၁၁။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၊ နေပြည်တော်ကောင်စီသည် ခရိုင်အုပ်ချုပ်ရေး လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီကို ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် အောက်ပါအတိုင်း ဖွဲ့စည်းရမည်-

| | | |
|---|---|---|
| (က) | ခရိုင်အုပ်ချုပ်ရေးမှူး<br>ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | ဥက္ကဋ္ဌ |
| (ခ) | တပ်မတော်သားကိုယ်စားလှယ်တစ်ဦး | အဖွဲ့ဝင် |
| (ဂ) | ခရိုင်ဦးစီးမှူး<br>စီမံကိန်းရေးဆွဲရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဃ) | ခရိုင်ဥပဒေအရာရှိ<br>ခရိုင်ဥပဒေရုံး | အဖွဲ့ဝင် |
| (င) | ခရိုင်ဦးစီးမှူး<br>လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | ခရိုင်အုပ်ချုပ်ရေးမှူးက တာဝန်ပေးအပ်သူတစ်ဦး | အဖွဲ့ဝင် |
| (ဆ) | ခရိုင်ရဲတပ်ဖွဲ့မှူး<br>မြန်မာနိုင်ငံရဲတပ်ဖွဲ့ | အတွင်းရေးမှူး |

၁၂။ ခရိုင်ကော်မတီသည် သက်ဆိုင်ရာဦးစီးအဖွဲ့ဥက္ကဋ္ဌ သို့မဟုတ် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌကို တာဝန်ခံရမည်။

၁၃။ ခရိုင်ကော်မတီသည် ခရိုင်အတွင်းတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊ လုံခြုံရေးအဖွဲ့အစည်းများနှင့် ပေါင်းစပ်ဆောင်ရွက်ရမည်။

၁၄။ ခရိုင်ကော်မတီသည် တည်ဆဲဥပဒေများနှင့်အညီ အောက်ပါတာဝန်နှင့် လုပ်ပိုင်ခွင့်များရှိသည်-

(က) ခရိုင်အတွင်း မြို့ပြနှင့် ကျေးရွာအုပ်ချုပ်ရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းကို ပေါင်းစပ်ညှိနှိုင်းခြင်းနှင့် ကြီးကြပ်ခြင်း၊

(ခ) ခရိုင်၊ မြို့နယ်၊ မြို့၊ ရပ်ကွက်၊ ကျေးရွာအုပ်စု၊ ကျေးရွာအသစ်ဖွဲ့စည်းခြင်း၊ ပြင်ဆင်ဖွဲ့စည်းခြင်း၊ အမည်ပြောင်းခြင်း၊ ပယ်ဖျက်ခြင်းအတွက် မြေပြင်ကွင်းဆင်းဆောင်ရွက်ခြင်းအပါအဝင် လိုအပ်သည့် ကိစ္စရပ်များကို မြို့နယ်ကော်မတီအား ပေါင်းစပ်ညှိနှိုင်းခြင်းနှင့် ကြီးကြပ်ခြင်း၊

(ဂ) နိုင်ငံပိုင်မြေ၊ အစိုးရစီမံခန့်ခွဲပိုင်ခွင့်ရှိသောမြေများကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ခြင်း၊ ယင်းမြေပေါ်တွင် ကျူးကျော်သူကို တားမြစ်စေခြင်း၊ ရှင်းလင်းဖယ်ရှားစေခြင်းနှင့် လိုအပ်ပါက အရေးယူစေခြင်း၊

(ဃ) ခွင့်ပြုချက်မရှိဘဲ ရပ်ကွက် သို့မဟုတ် ကျေးရွာဖွဲ့စည်းခြင်း၊ ပြင်ဆင်ဖွဲ့စည်းခြင်း၊ အမည်ပြောင်းခြင်း၊ အမည်ပေးခြင်း၊ အိမ်စုအသစ်ဆောက်လုပ်ခြင်းတို့ကို မြို့နယ်ကော်မတီအား တားမြစ်စေခြင်း၊ ရှင်းလင်း ဖယ်ရှားစေခြင်းနှင့် လိုအပ်ပါက အရေးယူစေခြင်း၊

(င) လယ်ယာမြေ၊ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းဆိုင်ရာလုပ်ငန်းများကို သက်ဆိုင်ရာ တည်ဆဲဥပဒေနှင့်အညီ လိုက်နာဆောင်ရွက်စေရေး ပေါင်းစပ်ညှိနှိုင်းခြင်း၊

(စ) စည်ပင်သာယာရေးဆိုင်ရာလုပ်ငန်းများ အကောင်အထည်ဖော်မှုကို ပေါင်းစပ်ညှိနှိုင်းခြင်း၊ ကြီးကြပ်ခြင်းနှင့် စစ်ဆေးခြင်း၊

(ဆ) ဘေးဥပဒ်ဖြစ်စေနိုင်သော အစားအသောက်၊ ဆေးဝါးနှင့် အသုံးအဆောင်များအား ခွင့်ပြုချက်မရှိဘဲ တင်သွင်းခြင်း၊ ထုတ်လုပ်ခြင်း၊ သိုလှောင်ခြင်း၊ သယ်ဆောင်ခြင်း၊ ဖြန့်ဖြူးခြင်းနှင့် ရောင်းချခြင်းဆိုင်ရာကိစ္စရပ်များကို စစ်ဆေးခြင်းနှင့် လိုအပ်ပါက ဥပဒေနှင့်အညီ သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းအား အရေးယူစေခြင်း၊

(ဇ) ကိုးကွယ်သည့်ဘာသာ၊ ဓလေ့ထုံးတမ်းအစဉ်အလာအရ လှူဒါန်းပေးကမ်းသည့်ကိစ္စရပ်များမှတစ်ပါး ခွင့်ပြုချက်မရှိဘဲ အလှူခံခြင်း၊ တရားမဝင်အဖွဲ့အစည်း၊ ယင်းနှင့်ဆက်စပ်သော ပုဂ္ဂိုလ်အား လှူဒါန်းပေးကမ်းခြင်းများကို တားဆီးခြင်း၊ စစ်ဆေးခြင်းနှင့် လိုအပ်ပါက အရေးယူစေခြင်း၊

(ဈ) နယ်စပ်ဒေသတွင် လူမှုစီးပွားဘဝအခြေခံအဆောက်အဦ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာလုပ်ငန်းများနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်မှုကို ဖြည့်ဆည်းဆောင်ရွက်ခြင်း၊ ပေါင်းစပ်ညှိနှိုင်းခြင်းနှင့် ကြီးကြပ်ခြင်း၊

(ည) နိုင်ငံသားလျှောက်ထားခြင်းဆိုင်ရာကိစ္စ၊ လူဦးရေနှင့် သန်းခေါင်စာရင်းကောက်ယူခြင်းဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်မှုကို ပေါင်းစပ်ညှိနှိုင်းခြင်းနှင့် ကြီးကြပ်ခြင်း၊

(ဋ) အမျိုးသမီး၊ ကလေးသူငယ်နှင့် မသန်စွမ်းသူများ ထိန်းသိမ်းစောင့်ရှောက်ရေးဆိုင်ရာလုပ်ငန်း အကောင်အထည်ဖော်မှုကို ပေါင်းစပ်ညှိနှိုင်းခြင်း၊

(ဌ) ပြည်တွင်းအသင်းအဖွဲ့များနှင့် အစိုးရမဟုတ်သော နိုင်ငံတကာအသင်းအဖွဲ့များ၏ လှုပ်ရှားဆောင်ရွက်မှုဆိုင်ရာကိစ္စရပ်များကို ပေါင်းစပ်ညှိနှိုင်းခြင်း၊ ကြီးကြပ်ခြင်း၊ လိုအပ်ပါက သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းအား အရေးယူစေခြင်းနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၊ နေပြည်တော်ကောင်စီ သို့မဟုတ် ဦးစီးအဖွဲ့သို့ တင်ပြခြင်း၊

(ဍ) ခရိုင်နှင့် မြို့နယ်အဆင့်အစိုးရဌာန၊ အစိုးရဌာနအဖွဲ့အစည်း၏ စာရင်းအင်း၊ ကိန်းဂဏန်း၊ အချက်အလက်များမှန်ကန်စေရေး ကြပ်မတ်ခြင်းနှင့် ကြီးကြပ်ဆောင်ရွက်ခြင်း၊

(ဎ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၊ နေပြည်တော်ကောင်စီ သို့မဟုတ် ဦးစီးအဖွဲ့က အခါအားလျော်စွာ ပေးအပ်သော စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးဆိုင်ရာလုပ်ငန်းများကို ဆောင်ရွက်ခြင်း။

၁၅။ ခရိုင်ကော်မတီသည် ဤညွှန်ကြားချက်ပါ မိမိ၏လုပ်ငန်းတာဝန်များကို ခရိုင်ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များအား ခွဲဝေသတ်မှတ်ပေးအပ်နိုင်သည်။

၁၆။ ခရိုင်ကော်မတီသည် ခရိုင်အတွင်း လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေး လုပ်ငန်းများနှင့်စပ်လျဉ်း၍ အောက်ပါတို့ကို ဆောင်ရွက်ရမည်-

(က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၊ နေပြည်တော်ကောင်စီ သို့မဟုတ် ဦးစီးအဖွဲ့၏ လမ်းညွှန်ချက်နှင့်အညီ နယ်မြေအတွင်းရှိ လုံခြုံရေးဆိုင်ရာအဖွဲ့အစည်းများနှင့်ညှိနှိုင်းပြီး လုံခြုံရေး စီမံချက်ရေးဆွဲခြင်းနှင့် ယင်းစီမံချက်နှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

(ခ) အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းက လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ အေးချမ်းသာယာရေးတို့နှင့် စပ်လျဉ်း၍ အကူအညီတောင်းခံလာပါက ပံ့ပိုးကူညီခြင်း၊ ပေါင်းစပ်ညှိနှိုင်းခြင်းနှင့် ကြီးကြပ်ခြင်း၊

(ဂ) လုံခြုံရေးဆောင်ရွက်ရာတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ပြည်သူ့လုံခြုံရေးနှင့် အကြမ်းဖက်နှိမ်နင်းရေး အဖွဲ့များကို ပေါင်းစပ်ညှိနှိုင်းပေးခြင်း၊

(ဃ) ရာဇဝတ်မှုဆိုင်ရာမှုခင်းများ အရေးယူဆောင်ရွက်ရာတွင် မှန်ကန်မြန်ဆန်စေရေးအတွက် သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းပေးခြင်း၊

(င) မှုခင်းကာကွယ်တားဆီးရေး၊ မှုခင်းနှိမ်နင်းရေးနှင့် မှုခင်းကျဆင်းရေးလုပ်ငန်းကို တည်ဆဲဥပဒေ၊ နည်းဥပဒေများ၊ အမိန့်၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်ရန် ညွှန်ကြားခြင်း၊ ပေါင်းစပ်ညှိနှိုင်းခြင်းနှင့် ကြီးကြပ်ခြင်း၊

(စ) လုံခြုံရေး၊ ပြစ်မှုကျူးလွန်မှုကြိုတင်ကာကွယ်ရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးဆိုင်ရာ လုပ်ငန်းများ၊ အများပြည်သူစိတ်ပြိုပြင်စေသည့် နှောင့်ယှက်မှုနှင့် အန္တရာယ်ပြုမှုများကို တားဆီး ကာကွယ်ရေးဆိုင်ရာလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

(ဆ) ရုန်းရင်းဆန်ခတ်မှု သို့မဟုတ် ပဋိပက္ခများကို ကာကွယ်တားဆီးရာတွင် ပူးပေါင်းဆောင်ရွက်ပြီး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၊ နေပြည်တော်ကောင်စီ သို့မဟုတ် ဦးစီးအဖွဲ့သို့ တင်ပြခြင်း၊

(ဇ) လုံခြုံရေး၊ အုပ်ချုပ်ရေး၊ လူမျိုးရေး၊ ဘာသာရေး သို့မဟုတ် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို အန္တရာယ်ဖြစ်စေသည့် သို့မဟုတ် အန္တရာယ်ဖြစ်စေရန် အကြောင်းရှိသည့် လှုပ်ရှားဆောင်ရွက်မှုများကို တားဆီးကာကွယ်ခြင်း၊ ဖော်ထုတ်အရေးယူစေခြင်းနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၊ နေပြည်တော်ကောင်စီ သို့မဟုတ် ဦးစီးအဖွဲ့သို့ တင်ပြခြင်း၊

(ဈ) နိုင်ငံခြားသားဝင်ထွက်သွားလာမှုနှင့် လှုပ်ရှားဆောင်ရွက်မှုများကို စောင့်ကြည့်ခြင်းနှင့် ကြီးကြပ်ခြင်း၊

(ည) အကျဉ်းထောင်နှင့် အကျဉ်းစခန်း လုံခြုံရေးဆိုင်ရာကိစ္စရပ်များကိုလည်းကောင်း၊ စစ်ပြေး၊ ရဲပြေး၊ ရဲဘက်ပြေး၊ တရားခံပြေး ဖော်ထုတ်အရေးယူခြင်းဆိုင်ရာ ကိစ္စရပ်များကိုလည်းကောင်း သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းခြင်း။

## အခန်း (၅)

## မြေယာစီမံခန့်ခွဲရေး၊ စားရေရိက္ခာဖူလုံရေး၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး လုပ်ငန်းများ အကောင်အထည်ဖော်မှုအား ပေါင်းစပ်ညှိနှိုင်းပေးခြင်းနှင့် ကြီးကြပ်ခြင်း

၁၇။ ခရိုင်ကော်မတီသည် စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ ဒေသနှင့်ဒေသအတွင်းရှိ ပြည်သူလူထု၏ လူမှုစီးပွားဘဝမြင့်မားရေးကို အလေးထားဆောင်ရွက် ရမည်။

၁၈။ ခရိုင်ကော်မတီသည် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသား ပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက် စေရေး ပေါင်းစပ်ညှိနှိုင်းရမည်။

၁၉။ ခရိုင်ကော်မတီသည် သက်ဆိုင်ရာတည်ဆဲဥပဒေများနှင့်အညီ မြေအသုံးချရေးဆိုင်ရာ အောက်ပါ လုပ်ငန်းများကို သက်ဆိုင်ရာအစိုးရဌာနများက အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ပေါင်းစပ်ညှိနှိုင်း ရမည်–

(က) မြေယာစီမံခန့်ခွဲရေးဆိုင်ရာလုပ်ငန်းများ၊

(ခ) လယ်ယာမြေစီမံခန့်ခွဲရေးဆိုင်ရာလုပ်ငန်းများ၊

(ဂ) မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆောင်ရွက်သည့် လုပ်ငန်းများ၊

(ဃ) မြေအသုံးချမှုဆိုင်ရာလုပ်ငန်းများ၊

(င) မြေလွဲပြောင်းထားခြင်းဆိုင်ရာလုပ်ငန်းများ၊

(စ) လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးဆိုင်ရာလုပ်ငန်းများ။

၂၀။ ခရိုင်ကော်မတီသည် ဆည်မြောင်းနှင့် တာတမံဆိုင်ရာ တည်ဆောက်ခြင်း၊ ပြုပြင်ခြင်း၊ ထိန်းသိမ်းခြင်း လုပ်ငန်းများနှင့် သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးဆုံးရှုံးမှုမှ ကာကွယ်ခြင်းလုပ်ငန်းများအား သက်ဆိုင်ရာ အစိုးရဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းခြင်းနှင့် ကြီးကြပ်ခြင်းတို့ကို ဆောင်ရွက်ရမည်။

၂၁။ ခရိုင်ကော်မတီသည် ဆည်မြောင်း၊ မြစ်၊ ချောင်း၊ တူးမြောင်း၊ လယ်ကြားမြောင်း၊ ရေဆိုးထုတ်မြောင်း၊ ရေတွင်းရေကန်၊ စက်ရေတွင်း၊ လက်ရိုက်တွင်းတိမ်နှင့် စိမ့်စမ်းရေထွက်များကို အကျိုးဖျက်ဆီးခြင်း သို့မဟုတ် ယင်းနေရာကို ကျူးကျော်ခြင်းပြုသူကို သက်ဆိုင်ရာအစိုးရဌာနက ဥပဒေနှင့်အညီ အရေးယူနိုင်ရေး ကြီးကြပ်ရမည်။

၂၂။ ခရိုင်ကော်မတီသည် တာတမံပေါ်တွင်လည်းကောင်း၊ တာတမံ၏ နယ်နိမိတ်အတွင်းတွင် လည်းကောင်း အကျိုးဖျက်ဆီးခြင်း၊ ကျူးကျော်ခြင်း၊ စိုက်ပျိုးခြင်း၊ မွေးမြူခြင်း၊ အဆောက်အအုံများ ဆောက်လုပ်ခြင်း၊ စက်ယန္တရားတစ်ခုခုထားရှိအသုံးပြုခြင်းနှင့် တိရစ္ဆာန်တို့ကို လွှတ်ကျောင်းခြင်း သို့မဟုတ် စားကျက်ချခြင်းမရှိစေရန်အတွက် သက်ဆိုင်ရာအစိုးရဌာနက ဥပဒေနှင့်အညီ အရေးယူနိုင်ရေး ကြီးကြပ်ရမည်။

၂၃။ သက်ဆိုင်ရာခရိုင်ကော်မတီသည် ဒေသအတွင်းဆန်ဖူလုံမှုရရှိရေးအတွက် စပါးသီးနှံပန်းတိုင် အထွက်နှုန်း ရရှိအောင်ဆောင်ရွက်ပြီး ပိုလျှံသည့်ဆန်များကို အခြားဒေသများနှင့် ပြည်ပသို့ တင်ပို့နိုင်ရေး ပေါင်းစပ်ညှိနှိုင်းရမည်။

၂၄။ သက်ဆိုင်ရာခရိုင်ကော်မတီသည် ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံ တိုးချဲ့ စိုက်ပျိုးရေးကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ ခရိုင်အတွင်း ဖူလုံမှုမှသည် အခြားဒေသများသို့ တင်ပို့နိုင်သည်အထိ ပေါင်းစပ်ညှိနှိုင်းရမည်။

၂၅။ ခရိုင်ကော်မတီသည် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အောက်ပါကိစ္စရပ်များကို သက်ဆိုင်ရာအစိုးရဌာနများက အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ပေါင်းစပ်ညှိနှိုင်းခြင်းနှင့် ကြီးကြပ်ခြင်းပြုရမည်-

(က) စိုက်ပျိုးရေးကဏ္ဍတွင် မျိုးကောင်းမျိုးသန့်ရရှိရေး၊ အထွက်နှုန်းတိုးတက်ရေး၊ ပန်းတိုင်ရည်မှန်းချက် ပြည့်မီရေး၊ မြေဆီလွှာကောင်းမွန်စေရေး၊ သီးနှံများစိုက်ပျိုးထုတ်လုပ်ရာ၌ တစ်နှစ်တစ်သီးစိုက်ပျိုးသည့် ဧရိယာများတွင် သီးထပ်စိုက်ပျိုးနိုင်ရေး၊

(ခ) သီးနှံများစိုက်ပျိုးထုတ်လုပ်ရာတွင် လိုအပ်သည့်သွင်းအားစုများ လုံလောက်စွာရရှိရေးနှင့် အချိန်ကိုက် အချိုးကျထည့်သွင်းအသုံးပြုနိုင်ရေး၊ သဘာဝမြေဩဇာများ ပြုလုပ်သုံးစွဲရေး၊

(ဂ) စိုက်ပျိုးရေးလုပ်ငန်းများ ရာသီမရွေးလုပ်ဆောင်နိုင်ရေးတို့အတွက် နေရောင်ခြည်စွမ်းအင်သုံး ရေရရှိရေး လုပ်ငန်းများကို ကိုယ့်အားကိုယ်ကိုးစနစ်ဖြင့် ဆောင်ရွက်နိုင်ရေး၊

(ဃ) အဆင့်မြင့်လယ်ယာများ၊ စနစ်ကျလယ်ယာမြေများ ဖော်ထုတ်နိုင်ရေး၊ အဆိုပါဧရိယာများတွင် စိုက်ပျိုးချိန်မှ ရိတ်သိမ်းချိန်အထိ ခေတ်မီစက်မှုလယ်ယာနည်းစနစ်ဖြင့် စိုက်ပျိုးထုတ်လုပ်နိုင်ရေး၊

(င) သီးနှံများတန်ဖိုးမြှင့်ထုတ်ကုန်အဖြစ် ထုတ်လုပ်နိုင်ရေးအတွက် လိုအပ်သည့်နည်းပညာနှင့် အခြေခံ အဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်စေရေး၊

(စ) ခေတ်မီမွေးမြူရေးနည်းစနစ်များအသုံးပြု၍ မွေးမြူရေးထွက်ကုန်များ တိုးတက်ထုတ်လုပ်နိုင်ရေး၊ အသားထုတ်လုပ်မှုတိုးတက်စေရေးနှင့် အသား၊ နို့၊ ဥ ဖူလုံစေရေး၊

(ဆ) စံပြစိုက်ပျိုးရေးဇုန်များနှင့် စံပြမွေးမြူရေးဇုန်များ အကောင်အထည်ဖော်နိုင်ရေး၊

( ဇ ) စိုက်ပျိုးရေးနှင့် မွေးမြူရေးထုတ်ကုန်များအား တန်ဖိုးမြှင့်ထုတ်ကုန်ပစ္စည်းအဖြစ် ပြောင်းလဲထုတ်လုပ်ပြီး ပြည်ပသို့တင်ပို့နိုင်သည့်အဆင့်အထိရောက်ရှိစေရေး၊

( ဈ ) ငါးသယံဇာတပြုန်းတီးမှုမရှိစေရေး၊ ငါး၊ ပုစွန်နှင့်ရေထွက်ပစ္စည်းဖူလုံစေရေး၊ တန်ဖိုးမြှင့်ထုတ်ကုန်များ အဖြစ် တိုးတက်ပြောင်းလဲထုတ်လုပ်စေရေးနှင့် ပြည်ပသို့တင်ပို့နိုင်စေရေး၊

(ည) စိုက်ပျိုးရေးနှင့် မွေးမြူရေးဆိုင်ရာ ကိန်းဂဏန်းအချက်အလက်များ တိကျမှန်ကန်စေရေး၊

( ဋ ) စိုက်ပျိုးရေးနှင့် မွေးမြူရေးဆိုင်ရာ လေ့လာဆန်းစစ်မှုပြုလုပ်ရေး၊ အသိပညာနှင့် နည်းပညာများ ဖြန့်ဝေရေး။

၂၆။ ခရိုင်ကော်မတီသည် ရာသီသီးနှံ၊ စားဖိုဆောင်သီးနှံ၊ စက်မှုကုန်ကြမ်းသီးနှံများ ဖြစ်ထွန်းအောင်မြင် စေရေး၊ သီးထပ်၊ သီးညှပ်များ စိုက်ပျိုးနိုင်ရေးနှင့် ခရိုင်အတွင်းဖူလုံရေးကိုသာမက အခြားဒေသသို့ တင်ပို့ ရောင်းချနိုင်သည်အထိ အကောင်အထည်ဖော်ဆောင်ရွက်စေရေး သက်ဆိုင်ရာအစိုးရဌာနများကို ပေါင်းစပ် ညှိနှိုင်းခြင်းနှင့် ကြီးကြပ်ခြင်းပြုရမည်။

၂၇။ ခရိုင်ကော်မတီသည် မွေးမြူရေးဇုန်၊ မွေးမြူရေးစခန်းနှင့် ကျေးရွာအလိုက် တစ်နိုင်တစ်ပိုင်မွေးမြူရေး လုပ်ငန်းများတွင် တိရစ္ဆာန်မျိုးကောင်းမျိုးသန့်ဖြန့်ဖြူးပေးခြင်းနှင့် ပညာပေးခြင်းလုပ်ငန်းများဆောင်ရွက် စေရေး သက်ဆိုင်ရာအစိုးရဌာနများကို ပေါင်းစပ်ညှိနှိုင်းခြင်းနှင့် ကြီးကြပ်ခြင်းပြုရမည်။

၂၈။ ခရိုင်ကော်မတီသည် အရည်အသွေးကောင်းမွန်သည့် တိရစ္ဆာန်အစာ၊ ဆေးဝါးနှင့် မွေးမြူရေးသုံး ပစ္စည်းများကို မွေးမြူရေးလုပ်ငန်းများတွင် အသုံးပြုစေရေး ပေါင်းစပ်ညှိနှိုင်းခြင်းပြုရမည်။

၂၉။ ခရိုင်ကော်မတီသည် သက်ဆိုင်ရာအစိုးရဌာနများက အောက်ပါဇုန်များ ဖော်ထုတ်ခြင်းနှင့် ရေရှည် တည်တံ့စေရေး ဆောင်ရွက်ခြင်းတို့ကို ပေါင်းစပ်ညှိနှိုင်းရမည်–

(က) မွေးမြူရေးဇုန်၊

( ခ ) တိရစ္ဆာန်ရောဂါကင်းရှင်းရေးဇုန်၊

( ဂ ) ရောဂါထိန်းချုပ်ရေးဇုန်။

၃၀။ ခရိုင်ကော်မတီသည် တိရစ္ဆာန်တွင် ကူးစက်ရောဂါဖြစ်ပွားကြောင်း သို့မဟုတ် ကူးစက်ရောဂါ လက္ခဏာဖြင့် သေဆုံးကြောင်း သံသယဖြစ်ဖွယ်တွေ့ရှိရလျှင် သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာ အုပ်စု အုပ်ချုပ်ရေးမှူးက သက်ဆိုင်ရာအစိုးရဌာနသို့ သတင်းပေးပို့စေရေး မြို့နယ်ကော်မတီမှတစ်ဆင့် ကြီးကြပ်ရမည်။

၃၁။ ခရိုင်ကော်မတီသည် သက်ဆိုင်ရာအစိုးရဌာနက သစ်တောနယ်မြေနှင့် သဘာဝထိန်းသိမ်းရေး နယ်မြေများကို ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ သစ်တောထွက်ပစ္စည်းများ စနစ်တကျထုတ်လုပ်ခြင်းနှင့် သစ်တောထွက်ပစ္စည်းများ တန်ဖိုးမြှင့်ထုတ်ကုန်များအဖြစ် ပြောင်းလဲထုတ်လုပ်ခြင်းအား သက်ဆိုင်ရာ တည်ဆဲဥပဒေများနှင့်အညီ လုပ်ငန်းများကို အကောင်အထည်ဖော်နိုင်ရေး ပေါင်းစပ်ညှိနှိုင်းခြင်းနှင့် ကြီးကြပ်ခြင်းပြုရမည်။

၃၂။ ခရိုင်ကော်မတီသည် သက်ဆိုင်ရာအစိုးရဌာနက ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းများ၊ ကျေးရွာထင်းစိုက်ခင်းနှင့် စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများကို သက်ဆိုင်ရာတည်ဆဲဥပဒေနှင့်အညီ အကောင် အထည်ဖော်နိုင်ရေး ပေါင်းစပ်ညှိနှိုင်းခြင်းနှင့် ကြီးကြပ်ခြင်းပြုရမည်။

၃၃။ ခရိုင်ကော်မတီသည် သစ်နှင့် သစ်တောထွက်ပစ္စည်းများကို တရားမဝင်ထုတ်ယူခြင်း၊ သိုလှောင်ခြင်း၊ သယ်ဆောင်ခြင်း သို့မဟုတ် ရောင်းဝယ်ခြင်းနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာအစိုးရဌာနက စစ်ဆေးခြင်း၊ ဖမ်းဆီးခြင်းနှင့် အရေးယူခြင်းတို့ကို ဆောင်ရွက်စေရေး ကြီးကြပ်ရမည်။

၃၄။ ခရိုင်ကော်မတီသည် ကျောက်မျက်ရတနာ၊ သတ္တု၊ စက်မှုတွင်းထွက်ကုန်ကြမ်းပစ္စည်းနှင့် ကျောက်စသည့် ဓာတ်သတ္တုပစ္စည်းများအား ရှာဖွေခြင်း၊ စမ်းသပ်တိုင်းတာခြင်းနှင့် တူးဖော်ထုတ်လုပ်ခြင်း လုပ်ငန်းများကို သက်ဆိုင်ရာအစိုးရဌာနက တည်ဆဲဥပဒေများနှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်စေရေး ကြီးကြပ်ရမည်။

၃၅။ ခရိုင်ကော်မတီသည် ကျောက်မျက်ရတနာ၊ ဓာတ်သတ္တုနှင့် စက်မှုတွင်းထွက်ကုန်ကြမ်းပစ္စည်းများ၊ တရားမဝင်ထုတ်လုပ်ခြင်း၊ တရားမဝင်ပြည်ပသို့တင်ပို့ခြင်း သို့မဟုတ် ပြည်ပမှတင်သွင်းခြင်းနှင့် ပြည်တွင်း၌ တရားမဝင်ရောင်းချခြင်းများမရှိစေရေး သက်ဆိုင်ရာအစိုးရဌာနက စစ်ဆေးခြင်း၊ ဖမ်းဆီးခြင်းနှင့် အရေးယူခြင်းတို့ကို ဆောင်ရွက်စေရေး ကြီးကြပ်ရမည်။

၃၆။ ခရိုင်ကော်မတီသည် မိမိခရိုင်အတွင်းရှိ စက်မှုလက်မှုလုပ်ငန်းများဖြစ်စေ၊ ညစ်ညမ်းမှုဖြစ်ပေါ်စေသည့် မည်သည့်လုပ်ငန်းမဆိုဖြစ်စေ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေနှင့်အညီ ဆောင်ရွက်နိုင်ရန် ကြီးကြပ်ရမည်။

## အခန်း (၆)

## ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ အကောင်အထည်ဖော်မှုအား ပေါင်းစပ်ညှိနှိုင်းပေးခြင်းနှင့် ကြီးကြပ်ခြင်း

၃၇။ ခရိုင်ကော်မတီသည် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ခရိုင်အတွင်းစီးပွားရေးကဏ္ဍများ ပိုမိုတိုးတက်စေရေးတို့အတွက် ပေါင်းစပ်ညှိနှိုင်းရမည်။

၃၈။ ခရိုင်ကော်မတီသည် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အတွက် အောက်ပါလုပ်ငန်းများကို ဆောင်ရွက်ရမည်-

(က) လုပ်ငန်းများ တည်ထောင်နိုင်ရေး၊ လည်ပတ်နိုင်ရေးနှင့် တန်ဖိုးမြင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်ရေး အတွက် တည်ဆဲဥပဒေများနှင့်အညီ သက်ဆိုင်ရာအစိုးရဌာနများက အကောင်အထည်ဖော်ဆောင်ရွက်မှု အပေါ် ပေါင်းစပ်ညှိနှိုင်းခြင်းနှင့် ကြီးကြပ်ခြင်း၊

(ခ) သတင်းအချက်အလက်နှင့် နည်းပညာ၊ အရင်းအနှီး၊ ချေးငွေနှင့် ဈေးကွက်ရရှိရေး ပေါင်းစပ်ညှိနှိုင်း ပေးခြင်း၊

(ဂ) လုပ်ငန်းဆိုင်ရာ အခက်အခဲများ လျော့ပါးစေရေး သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းနှင့် ပေါင်းစပ်ညှိနှိုင်းပေးခြင်း၊

(ဃ) အလုပ်သမားအရည်အသွေးမြှင့်တင်ပေးရန် စီမံဆောင်ရွက်ပေးခြင်း၊

(င) ပတ်ဝန်းကျင်ထိခိုက်မှု အနည်းဆုံးဖြစ်စေရေးအတွက် သက်ဆိုင်ရာတည်ဆဲဥပဒေများကို လိုက်နာစေရေး ကြီးကြပ်ခြင်း၊

(စ) ထုတ်လုပ်မှုလုပ်ငန်းများလည်ပတ်စေရေး၊ လိုအပ်သည့်ကုန်ကြမ်းများရရှိရေးနှင့် ကုန်ချောများ ဈေးကွက်သို့ အချိန်မီရောက်ရှိရေးအတွက် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းပေးခြင်းနှင့် လိုအပ်ပါက တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၊ နေပြည်တော်ကောင်စီ သို့မဟုတ် ဦးစီးအဖွဲ့သို့ တင်ပြခြင်း၊

(ဆ) တစ်နေရာတည်းတွင် ဝန်ဆောင်မှုပေးသောစနစ်ကို ကျင့်သုံးနိုင်ရေးအတွက် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက် ပေးခြင်း။

၃၉။ ခရိုင်ကော်မတီသည် နည်းပညာကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုတိုးတက်စေရေးနှင့်စပ်လျဉ်း၍ အောက်ပါလုပ်ငန်းတာဝန်များကို ဆောင်ရွက်ရမည်-

(က) ခရိုင်၏ စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးတွင် စက်မှုလက်မှုကဏ္ဍ၏ ထုတ်လုပ်မှုတန်ဖိုးပါဝင်မှုအချိုးအစား မြင့်မားတိုးတက်စေရေးနှင့် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများနှင့်ဆက်နွှယ်သော အခြားစီးပွားရေးလုပ်ငန်းများကိုပါ တစ်ပါတည်းဖွံ့ဖြိုးလာစေရေးလိုအပ်သောချိတ်ဆက်ကူညီမှုများ ဆောင်ရွက်ပေးခြင်း၊ ပေါင်းစပ်ညှိနှိုင်းပေးခြင်းနှင့် ကြီးကြပ်ခြင်း၊

(ခ) စက်မှုလုပ်ငန်းများ၏ စွမ်းဆောင်ရည်မြင့်မားလာစေရေးအတွက် ခေတ်မီနည်းပညာများရရှိစေရန်နှင့် စက်မှုလုပ်ငန်းမှထုတ်လုပ်သော ကုန်ချောပစ္စည်းများကို ပြည်တွင်းဈေးကွက်တွင်သာမက ပြည်ပဈေးကွက်သို့လည်း တင်ပို့နိုင်စေရေး ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခြင်း၊

(ဂ) ပုဂ္ဂလိကစက်မှုလုပ်ငန်းများလုပ်ကိုင်ရာတွင် ပတ်ဝန်းကျင်ညစ်ညမ်းမှုကို လျှော့နည်းစေသော နည်းပညာများ ရယူအသုံးပြုစေရေး၊ စွမ်းအင်အနည်းဆုံးအသုံးပြုစေရေးနှင့် ဒေသတွင်းမှ စွမ်းအင်ထုတ်လုပ်မှုဆိုင်ရာ အရင်းအမြစ်များရှာဖွေ၍ စွမ်းအင်ထုတ်လုပ်အသုံးပြုနိုင်စေရေးအတွက် စီမံဆောင်ရွက်ပေးခြင်းနှင့် ပေါင်းစပ်ညှိနှိုင်းပေးခြင်း၊

(ဃ) မြို့ပြနှင့်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်မှုကွာဟချက်နည်းပါးစေရေးအတွက် ကျေးလက်ဒေသများတွင် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးလာစေရန် အားပေးကူညီခြင်း၊

(င) ထုတ်လုပ်မှုတိုးတက်စေရေးအတွက် တီထွင်ဖန်တီးမှုစွမ်းရည်မြှင့်တင်နိုင်ရေး ပြပွဲ၊ ပြိုင်ပွဲများ ကျင်းပပြုလုပ်ပေးခြင်းနှင့် လုပ်ငန်းစွမ်းဆောင်ရည်အလိုက် ထိုက်သင့်သောချီးမြှင့်မှုများ ပြုလုပ်စေရေး ပေါင်းစပ်ညှိနှိုင်းခြင်း။

၄၀။ ခရိုင်ကော်မတီသည် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ အောက်ပါလုပ်ငန်းများကို ဆောင်ရွက်ရမည်-

(က) ခရိုင်ကော်မတီ၏ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ဘဏ္ဍာငွေခွဲဝေရရှိမှုအပေါ် မူတည်၍ လုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(ခ) ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဘဏ္ဍာရန်ပုံငွေဖြင့်ဆောင်ရွက်သည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဒေသန္တရစီမံကိန်းနှင့်အညီဆောင်ရွက်စေရန် ပေါင်းစပ်ညှိနှိုင်းပေးခြင်းနှင့် ကြီးကြပ်ခြင်း၊

(ဂ) ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဘဏ္ဍာရန်ပုံငွေဖြင့် အကောင်အထည်ဖော်မည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ မထပ်စေရေးစိစစ်ခြင်းနှင့် လိုအပ်ပါက တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၊ နေပြည်တော်ကောင်စီ သို့မဟုတ် ဦးစီးအဖွဲ့သို့ တင်ပြခြင်း၊

(ဃ) ခရိုင်တည်ဆောက်ရေးနှင့် အရည်အသွေးစစ်ဆေးရေးကော်မတီကိုဖွဲ့စည်းပြီး ယင်းကော်မတီနှင့်အတူ တည်ဆောက်ရေးလုပ်ငန်းများအား ကြီးကြပ်ခြင်း၊ အရည်အသွေး စံချိန်စံညွှန်းများနှင့် ကိုက်ညီစေရေးနှင့် ကိုက်ညီမှုမရှိပါက ပြင်ဆင်ဆောင်ရွက်စေခြင်းနှင့် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းအား အရေးယူစေခြင်း၊

(င) ခရိုင်အတွင်း လမ်းသစ်များဖောက်လုပ်ခြင်း၊ တံတားသစ်များဆောက်လုပ်ခြင်း၊ လမ်းဟောင်းများ၊ တံတားဟောင်းများ ပြုပြင်ထိန်းသိမ်းခြင်းတို့နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာအစိုးရဌာနများကို ပေါင်းစပ်ညှိနှိုင်းခြင်းနှင့် ကြီးကြပ်ခြင်း၊

(စ) ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် စီမံကိန်းလုပ်ငန်းများ ရေရှည်တည်တံ့ခိုင်မြဲစေရန် သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများအား သက်ဆိုင်ရာ မြို့နယ်အုပ်ချုပ်ရေးမှူးမှ တစ်ဆင့် ပေါင်းစပ်ညှိနှိုင်းခြင်း၊ ကြီးကြပ်စေခြင်းနှင့် တွန်းအားပေးဆောင်ရွက်ခြင်း။

၄၁။ သက်ဆိုင်ရာခရိုင်ကော်မတီသည် အောက်ပါလုပ်ငန်းတာဝန်များကို ဆောင်ရွက်ရမည်-

(က) ရေနံနှင့်စက်သုံးဆီများ သိုလှောင်ခြင်း၊ သယ်ယူပို့ဆောင်ခြင်းနှင့် ရောင်းချခြင်းများကို သက်ဆိုင်ရာ တည်ဆဲဥပဒေနှင့်အညီ ဆောင်ရွက်ခြင်း ရှိ မရှိ စိစစ်ခြင်းနှင့် အရေးယူစေခြင်း၊

(ခ) ပေါက်ကွဲစေတတ်သောဝတ္ထုပစ္စည်းများ တရားမဝင်သိုလှောင်မှုမရှိစေရေး သက်ဆိုင်ရာ တည်ဆဲ ဥပဒေနှင့်အညီ ဆောင်ရွက်ခြင်း ရှိ မရှိ သက်ဆိုင်ရာအစိုးရဌာနအား စစ်ဆေးစေခြင်းနှင့် အရေးယူစေခြင်း၊

(ဂ) ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများ တရားမဝင်သိုလှောင်မှု ရှိ မရှိ၊ ဖြန့်ဖြူးရောင်းချမှု ရှိ မရှိ သက်ဆိုင်ရာ အစိုးရဌာနအား စစ်ဆေးရေးအဖွဲ့များဖြင့် စစ်ဆေးစေခြင်းနှင့် အရေးယူစေခြင်း။

၄၂။ ခရိုင်ကော်မတီသည် အိမ်ခြံမြေရောင်းဝယ်မှုများ၊ ရွှေရောင်းဝယ်မှုများနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ သတင်းပို့အဖွဲ့အစည်းများသို့ ပေးပို့ရမည့် သတင်းအချက်အလက်များမှန်ကန်စေရေး သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းရမည်။

၄၃။ ခရိုင်ကော်မတီသည် သမဝါယမအသင်းများဖွံ့ဖြိုးလာစေရန် ကူညီပံ့ပိုးခြင်း၊ သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းပေးခြင်း ပြုရမည်။

၄၄။ ခရိုင်ကော်မတီသည် မြို့များနှင့် ကျေးလက်ဒေသများတွင် အဆောက်အဦများ ဆောက်လုပ်ခြင်း၊ ပြင်ဆင်ခြင်းနှင့်စပ်လျဉ်း၍-

(က) အဆောက်အဦဆောက်လုပ်ခြင်း၊ ပြင်ဆင်ခြင်း၊ ပြန်လည်ဆောက်လုပ်ခြင်း သို့မဟုတ် ဖျက်သိမ်းခြင်း တို့ကို မြို့နယ်ကော်မတီကတင်ပြလာပါက သဘောထားမှတ်ချက်ဖြင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၊ နေပြည်တော်ကောင်စီ သို့မဟုတ် ဦးစီးအဖွဲ့သို့ တင်ပြခြင်း၊

(ခ) ကော်မတီတစ်ရပ်ရပ်က ဆောက်လုပ်ခွင့်ပြုထားခြင်းမရှိသော မြို့ပြစီမံကိန်းနှင့် ညီညွတ်မှုမရှိသည့် အဆောက်အဦများကို စစ်ဆေးခြင်း၊ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုက သတ်မှတ်ထားသည့် စည်းကမ်းချက်နှင့်အညီ ဆောင်ရွက်စေခြင်းနှင့် လိုက်နာခြင်းမရှိပါက အဆိုပါအစိုးရဌာန၊ အစိုးရ အဖွဲ့အစည်းအား အရေးယူစေခြင်း၊

(ဂ) အဆောက်အဦများကို မူလတင်ပြထားသည့်ပုံစံနှင့်အညီ ဆောက်လုပ်မှု ရှိ မရှိ သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းအား စစ်ဆေးစေခြင်း၊

(ဃ) သဘာဝဘေးဒဏ်ခံနိုင်သည့် အဆောက်အဦအမျိုးအစားများ ဆောက်လုပ်အသုံးပြုစေရေး သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းအား ကြီးကြပ်စေခြင်း။

## အခန်း (၇)

## မြို့ပြတည်ဆောက်ရေးနှင့် စည်ပင်သာယာရေးလုပ်ငန်းများ အကောင်အထည်ဖော်မှုအား ပေါင်းစပ်ညှိနှိုင်းပေးခြင်းနှင့် ကြီးကြပ်ခြင်း

၄၅။ ခရိုင်ကော်မတီသည် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများက တည်ဆဲဥပဒေနှင့်အညီ အောက်ပါလုပ်ငန်းများဆောင်ရွက်ရာတွင် ပေါင်းစပ်ညှိနှိုင်းပေးရမည်-

(က) မြို့အင်္ဂါရပ်နှင့် ကိုက်ညီသော မြို့ပြစီမံကိန်း စနစ်တကျရေးဆွဲခြင်း၊

(ခ) ဒေသနှင့်ကိုက်ညီသည့် မြို့ပြဖွံ့ဖြိုးရေးစီမံကိန်းရေးခြင်း၊

(ဂ) အသိပညာရှင်များနှင့် ဒေသခံပြည်သူများ၏ သဘောထားအမြင်များရယူပြီး စီမံကိန်းများအား လိုအပ်သလို ပြင်ဆင်ရေးဆွဲခြင်း။

၄၆။ ခရိုင်ကော်မတီသည် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများက တည်ဆဲဥပဒေနှင့်အညီ အောက်ပါလုပ်ငန်းများဆောင်ရွက်ရာတွင် ပေါင်းစပ်ညှိနှိုင်းပေးရမည်-

(က) လမ်းမကြီး၊ လမ်းသွယ်၊ လမ်းကြားများ ဖောက်လုပ်ခြင်း၊ ပြုပြင်ခြင်းနှင့် ထိန်းသိမ်းခြင်း၊

(ခ) သန့်ရှင်းသောရေပေးဝေခြင်းနှင့် လုံလောက်စွာဖြန့်ဖြူးခြင်း၊

(ဂ) အမှိုက်နှင့် မိလ္လာစွန့်ပစ်ခြင်းနှင့် ရေဆိုးသန့်စင်စွန့်ပစ်ခြင်းဆိုင်ရာခေတ်မီစနစ် ဖော်ဆောင်ခြင်း၊

(ဃ) မြို့ပြလိုအပ်ချက်နှင့်အညီ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးခြင်း၊

(င) ပန်းခြံ၊ ကစားကွင်း၊ သစ်ပင်စိုက်ခင်းတည်ထောင်ခြင်း၊ ထိန်းသိမ်းခြင်းနှင့် ပတ်ဝန်းကျင်စိမ်းလန်း စိုပြည်ရေး ဆောင်ရွက်ခြင်း၊

(စ) မော်တော်ယာဉ်နှင့် အနေးယာဉ်အသုံးပြုမှုများကို ကြီးကြပ်ထိန်းသိမ်းခြင်း၊

(ဆ) သဘာဝဘေးဒဏ်ခံနိုင်သော အဆောက်အဦ တည်ဆောက်ခြင်း၊

(ဇ) ကုန်သွယ်ရေးစင်တာများ ဖွံ့ဖြိုးတိုးတက်စေရန် စီမံဆောင်ရွက်ခြင်း၊

(ဈ) ခေတ်မီနည်းပညာများအသုံးပြု၍ မြို့ပြစီမံခန့်ခွဲရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း။

၄၇။ ခရိုင်ကော်မတီသည် တည်ဆောက်ရေးလုပ်ငန်းများ အရည်အသွေးပြည့်မီစေရေးဆိုင်ရာကိစ္စရပ် များနှင့်စပ်လျဉ်း၍ ကျွမ်းကျင်သူများဖြင့် လုပ်ငန်းအဖွဲ့အစည်းများဖွဲ့စည်း၍ အောက်ပါလုပ်ငန်းများကို ဆောင်ရွက်စေရမည်-

(က) သာသနိကဆိုင်ရာ အဆောက်အဦ၊ စက်ရုံ၊ အလုပ်ရုံ၊ လမ်း၊ တံတား၊ ဆည်မြောင်း၊ တာတမံစသည့် တည်ဆောက်ရေးလုပ်ငန်းများအား သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ တည်ဆောက်စေရေး ကြီးကြပ်ခြင်း၊

(ခ) ဆောက်လုပ်ရေးပစ္စည်းများ အရည်အသွေးပြည့်မီစေရေး၊ အရည်အသွေးမပြည့်မီပါက အရေးယူခြင်းနှင့် စဉ်ဆက်မပြတ် စစ်ဆေးကြပ်မတ်စေခြင်း၊

(ဂ) တည်ဆောက်ရေးလုပ်ငန်းသုံးပစ္စည်းများ အတုအပထုတ်လုပ်မှု သို့မဟုတ် အတုအပရောင်းချကြောင်း စစ်ဆေးတွေ့ရှိပါက အရေးယူစေခြင်း။

၄၈။ ခရိုင်ကော်မတီသည် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများက တည်ဆဲဥပဒေနှင့်အညီ အောက်ပါလုပ်ငန်းများဆောင်ရွက်ရာတွင် ပေါင်းစပ်ညှိနှိုင်းပေးရမည်-

(က) ဒေသနှင့်သင့်လျော်သော လမ်းဖောက်လုပ်ခြင်း၊

(ခ) သဘာဝဘေးအန္တရာယ်ကြောင့် လမ်း သို့မဟုတ် တံတားပျက်စီးပါက အရေးပေါ်သွားလာနိုင်ရန် စီမံဆောင်ရွက်ခြင်း၊

(ဂ) မိုးခေါင်ရေရှားဒေသအတွက် ချောင်းပိတ်၊ ရေမြောင်းပိတ်၊ လျှိုပိတ်တမံဖြင့် ရေသိုလှောင်စနစ် ဖော်ဆောင်ခြင်းနှင့် ရေကန်တူးဖော်ခြင်း၊

(ဃ) ခေတ်မီလျှပ်စစ်သွယ်တန်းစနစ် အသုံးပြုခြင်း၊

(င) မီးသတ်ရေကန်နှင့် ရေဂုတ်များတည်ဆောက်ခြင်း၊

(စ) အားကစားရုံနှင့် အားကစားကွင်းတည်ဆောက်ခြင်းနှင့် အားကစားလေ့ကျင့်နိုင်ရေး စီမံဆောင်ရွက်ခြင်း၊

(ဆ) စာကြည့်တိုက်နှင့် အီလက်ထရောနစ်စာကြည့်တိုက်များတည်ထောင်ခြင်း၊

(ဇ) ဒေသထွက်ကုန်များ ရောင်းဝယ်ဖြန့်ဖြူးမည့် ဈေးနှင့် ကုန်စည်ဒိုင်များ ဖွင့်လှစ်ခြင်း၊

(ဈ) စက်မှုလုပ်ငန်းငယ်နှင့် စက်မှုဇုန်များဖွံ့ဖြိုးစေရေး ကြီးကြပ်ဆောင်ရွက်ခြင်း၊

(ည) ခရီးသွားလုပ်ငန်းနှင့်သက်ဆိုင်သည့် အခြေခံအဆောက်အဦများ တည်ဆောက်ခြင်း။

၄၉။ ခရိုင်ကော်မတီသည် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများက တည်ဆဲဥပဒေနှင့်အညီ အောက်ပါလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပေါင်းစပ်ညှိနှိုင်းပေးရမည်-

(က) စည်ပင်သာယာရေးအစီအစဉ်များ ရေးဆွဲခြင်း၊

(ခ) ပန်းခြံများတည်ဆောက်ခြင်းနှင့် သစ်ပင်ပန်းမန်များ စိုက်ပျိုးခြင်း၊

(ဂ) ရှေးဟောင်းအမွေအနှစ် အဆောက်အဦများ ပြုပြင်ထိန်းသိမ်းခြင်း၊

(ဃ) ဈေးများ သန့်ရှင်းသပ်ရပ်မှုရှိစေရေးဆောင်ရွက်ခြင်း၊

(င) လမ်းများ ပြုပြင်ထိန်းသိမ်းခြင်းနှင့် အများပြည်သူသုံး သယ်ယူပို့ဆောင်ရေးစနစ်များ ကောင်းမွန်စေရေး ဆောင်ရွက်ခြင်း၊

(စ) လျှပ်စစ်မီး အပြည့်အဝရရှိရေးနှင့် ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများအား ဆောင်ရွက်ခြင်း၊

(ဆ) အမှိုက်သိမ်းစနစ်၊ မိလ္လာစနစ်၊ ရေဆိုးသန့်စင်စွန့်ပစ်စနစ်နှင့် ရေမြောင်းစနစ်များ ကောင်းမွန်စေရေး ဆောင်ရွက်ခြင်း၊

(ဇ) အများပြည်သူပူးပေါင်းပါဝင်နိုင်စေရန် စည်းရုံးဆောင်ရွက်ခြင်းနှင့် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ခြင်း။

၅၀။ ခရိုင်ကော်မတီသည် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများက တည်ဆဲဥပဒေနှင့်အညီ လျှပ်စစ်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့်စပ်လျဉ်း၍ အောက်ပါလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပေါင်းစပ်ညှိနှိုင်း ပေးရမည်-

(က) ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကိုအသုံးပြု၍ အသေးစားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းများ တည်ဆောက်ခြင်း၊

(ခ) ကျေးရွာတိုင်း လျှပ်စစ်မီးရရှိရေးအစီအမံများရေးဆွဲခြင်းနှင့် အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊

(ဂ) စွမ်းအင်ချွေတာရေးစနစ်များကျင့်သုံးနိုင်ရေးနှင့် လျှပ်စစ်အန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေး လုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(ဃ) မဟာဓာတ်အားလိုင်းနှင့် လျှပ်စစ်ဓာတ်အားလိုင်းများတစ်လျှောက် သစ်ပင်ကြီးများ စိုက်ပျိုးခြင်း မပြုရန်နှင့် လူနေအိမ်နှင့်အဆောက်အဦများ ဆောက်လုပ်နေထိုင်ခြင်းမပြုရန် တားမြစ်ခြင်း၊ ကြီးကြပ်ခြင်းနှင့် အရေးယူခြင်း၊

(င) ပွဲလမ်းသဘင်များအတွက် လျှပ်စစ်မီးသွယ်တန်းအသုံးပြုခြင်း၊ မီးထွန်းညှိခြင်းများကို စည်းမျဉ်း စည်းကမ်းများနှင့်အညီ အသုံးပြုစေရေးကြီးကြပ်ခြင်း။

၅၁။ ခရိုင်ကော်မတီသည် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများက တည်ဆဲဥပဒေနှင့်အညီ အခွန်ဘဏ္ဍာငွေကောက်ခံရေးနှင့်စပ်လျဉ်း၍ အောက်ပါလုပ်ငန်းများဆောင်ရွက်ရာတွင် ပေါင်းစပ်ညှိနှိုင်း ပေးရမည်-

(က) အခွန်ကိုစည်းကြပ်မှုမှ လွတ်ကင်းမှုမရှိစေရေး၊ အပြည့်အဝကောက်ခံနိုင်စေရေးနှင့် အခွန်တိမ်းရှောင်မှုများ မရှိစေရေး ဆောင်ရွက်ခြင်း၊

( ခ ) အခွန်စည်းကြပ်ကောက်ခံရာတွင် ရှင်းလင်းလွယ်ကူပြီး အချိန်တိုအတွင်း ပေးဆောင်နိုင်စေရေး စီမံဆောင်ရွက်ပေးခြင်း၊

( ဂ ) အခွန်ထမ်းများ၏ ယုံကြည်ကိုးစားမှုကိုရရှိစေရေး ဆောင်ရွက်ခြင်း၊

(ဃ) အခွန်ပေးဆောင်ရာ၌ တန်းတူညီမျှမှုနှင့် တရားမျှတမှုရရှိစေရေး ဆောင်ရွက်ခြင်း၊

( င ) စည်ပင်သာယာနယ်နိမိတ်ဧရိယာအတွင်း စည်ပင်သာယာရေးဆိုင်ရာအခွန်ငွေများ အပြည့်အဝ ကောက်ခံရရှိရေး ဆောင်ရွက်ခြင်း။

၅၂။ ခရိုင်ကော်မတီသည် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများက တည်ဆဲဥပဒေနှင့်အညီ တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးနှင့် ဖမ်းဆီးရမိသည့်သက်သေခံပစ္စည်း စီမံခန့်ခွဲရေးနှင့်စပ်လျဉ်း၍ အောက်ပါလုပ်ငန်းများဆောင်ရွက်ရာတွင် ပေါင်းစပ်ညှိနှိုင်းပေးရမည်-

(က) ကုန်ပစ္စည်းများ တရားမဝင်တင်သွင်းခြင်း၊ သယ်ဆောင်ခြင်း၊ ဖြန့်ဖြူးခြင်းနှင့် လက်ဝယ်ထားရှိခြင်း ရှိ မရှိ ရှာဖွေခြင်း၊ ပြစ်မှုနှင့်သက်ဆိုင်သောပစ္စည်းများကို သိမ်းဆည်းခြင်းနှင့် အရေးယူခြင်း၊

( ခ ) အပိုဒ်ခွဲ (က) အရ သိမ်းဆည်းပစ္စည်းများအနက် ပျက်စီးလွယ်သောပစ္စည်းများကို သင့်လျော်သော အစီအစဉ်ဖြင့် စီမံခန့်ခွဲခြင်း။

၅၃။ ခရိုင်ကော်မတီသည် တည်ဆဲဥပဒေနှင့်အညီ ကဏ္ဍစုံလွှမ်းခြုံသော ခရိုင်ဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းနှင့် အကောင်အထည်ဖော်ခြင်းလုပ်ငန်းများနှင့်စပ်လျဉ်း၍ အောက်ပါလုပ်ငန်းများဆောင်ရွက်ရမည်-

(က) ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဘဏ္ဍာရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ခရိုင်ဖွံ့ဖြိုးရေးစီမံကိန်းများကို သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်း ရေးဆွဲခြင်း၊

( ခ ) ခရိုင်အဆင့် စီမံကိန်းနှင့် အရအသုံးခန့်မှန်းခြေငွေစာရင်းများကို ညွှန်ကြားချက်နှင့်အညီ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းရေးဆွဲခြင်းနှင့် အကောင်အထည်ဖော်ခြင်း၊

( ဂ ) သက်ဆိုင်ရာစီမံကိန်းလုပ်ငန်းအတွက် ခွင့်ပြုသည့်ဘဏ္ဍာငွေကို မှန်ကန်ထိရောက်စွာ အသုံးပြုစေခြင်းနှင့် ယင်းစီမံကိန်းလုပ်ငန်းများ စံချိန်စံညွှန်းနှင့်အညီ သတ်မှတ်ကာလအတွင်းပြီးစီးရေး ကြီးကြပ်ခြင်း၊ စစ်ဆေးခြင်းနှင့် လိုအပ်ပါက သက်ဆိုင်ရာအစိုးရဌာနအား အရေးယူစေခြင်း။

၅၄။ ခရိုင်ကော်မတီသည် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများက တည်ဆဲဥပဒေနှင့်အညီ ဘဏ္ဍာရေးကိစ္စများနှင့်စပ်လျဉ်း၍ အောက်ပါလုပ်ငန်းများဆောင်ရွက်ရာတွင် ပေါင်းစပ်ညှိနှိုင်းပေးရမည်-

(က) နိုင်ငံပိုင်ဘဏ္ဍာငွေများ၊ ပစ္စည်းများပျောက်ဆုံးခြင်း၊ ပျက်စီးခြင်းနှင့်စပ်လျဉ်း၍ စုံစမ်းစစ်ဆေးခြင်း၊

( ခ ) ဆုံးရှုံးနိုင်ခြေရှိပြီး ကောက်ခံမရနိုင်သော အခွန်ငွေများနှင့်စပ်လျဉ်း၍ သဘောထားမှတ်ချက်ပေးခြင်း။

## အခန်း (၈)

## လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ အကောင်အထည်ဖော်မှုအား ပေါင်းစပ်ညှိနှိုင်းပေးခြင်းနှင့် ကြီးကြပ်ခြင်း

၅၅။ ခရိုင်ကော်မတီသည် ဘက်စုံပညာရေးစနစ်အကောင်အထည်ဖော်ရာတွင် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများအား ပံ့ပိုးကူညီရမည်။

၅၆။ ခရိုင်ကော်မတီသည် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများက တည်ဆဲဥပဒေနှင့်အညီ ပညာရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ အောက်ပါလုပ်ငန်းများဆောင်ရွက်ရာတွင် ပေါင်းစပ်ညှိနှိုင်းပေးရမည်-

(က) အခြေခံပညာကျောင်းများဖွင့်လှစ်နိုင်ရေးနှင့် ကျောင်းနေအရွယ်ကလေးများ ပညာသင်ကြားနိုင်ရေး ဆောင်ရွက်ခြင်း၊

( ခ ) အဆင့်မြင့်ပညာတက္ကသိုလ်၊ ကောလိပ်များ ဖွင့်လှစ်နိုင်ရေးနှင့် ပုဂ္ဂလိကစာသင်ကျောင်းများ တည်ဆဲဥပဒေနှင့်အညီ ဖွင့်လှစ်စေရေး ဆောင်ရွက်ခြင်း၊

( ဂ ) အခြေခံပညာကျောင်းများအတွက် ကျောင်းဥပဓိရုပ်ကောင်းမွန်စေရေးနှင့် သင်ကြားရေးအထောက်အကူပြု ပစ္စည်းများ ပြည့်စုံစွာရရှိစေရေး ဆောင်ရွက်ခြင်း၊

(ဃ) စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်းများ တည်ထောင်ဖွင့်လှစ်နိုင်ရေးနှင့် ကျောင်းသားဦးရေ ပြည့်မီစေရေးအတွက် ကူညီဆောင်ရွက်ခြင်း၊

( င ) တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံများတွင် ပညာဆက်လက်သင်ကြားခွင့်မရရှိသည့် ကျောင်းသူကျောင်းသားများ၏ ပညာသင်ကြားခွင့်ပြန်လည်ရရှိရေးနှင့်စပ်လျဉ်း၍ သဘောထားမှတ်ချက်တောင်းခံလာလျှင် သဘောထားမှတ်ချက်ပေးခြင်း။

၅၇။ ခရိုင်ကော်မတီသည် တစ်မျိုးသားလုံးသက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံး အကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ရေးကို သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ အကောင်အထည်ဖော်ဆောင်ရွက်ရမည်။

၅၈။ ခရိုင်ကော်မတီသည် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများက တည်ဆဲဥပဒေနှင့်အညီ ကျန်းမာရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ အောက်ပါလုပ်ငန်းများဆောင်ရွက်ရာတွင် ပေါင်းစပ်ညှိနှိုင်းပေးရမည်-

(က) ကျေးလက်ဒေသတွင် ဆေးရုံ၊ ဆေးခန်း၊ ကျေးလက်ကျန်းမာရေးဌာန၊ မိခင်နှင့် ကလေး ကျန်းမာရေးဌာန၊ ကျောင်းကျန်းမာရေးအဖွဲ့နှင့် တိုင်းရင်းဆေးခန်းများ ဖွင့်လှစ်နိုင်ရေး၊ ကျန်းမာရေးဝန်ထမ်းနှင့် ဆေးဝါးများ လုံလောက်စွာရရှိနိုင်ရေး ဆောင်ရွက်ခြင်း၊

( ခ ) အစားအသောက်နှင့် ဆေးဝါးများ တရားမဝင်ထုတ်လုပ်မှု၊ ဖြန့်ဖြူးမှု၊ ရောင်းချမှု ရှိ မရှိ စစ်ဆေးခြင်းနှင့် လိုအပ်ပါက အရေးယူခြင်း၊

( ဂ ) အလှအပရေးရာဆေးခန်းများ တရားမဝင်ဖွင့်လှစ်ခြင်း ရှိ မရှိ စစ်ဆေးခြင်းနှင့် လိုအပ်ပါက အရေးယူခြင်း၊

(ဃ) ကူးစက်ရောဂါများ မဖြစ်ပွားရေး ကြိုတင်ကာကွယ်ဆောင်ရွက်ခြင်းနှင့် ဖြစ်ပွားပါက ထိန်းချုပ်တားဆီး ကာကွယ်ရေး ဆောင်ရွက်ခြင်း၊

( င ) ကျန်းမာရေးဝန်ကြီးဌာနက ဖွင့်လှစ်သောအခြေခံကျန်းမာရေးစောင့်ရှောက်မှုသင်တန်းများကို ဒေသခံ ပြည်သူများတက်ရောက်နိုင်စေရေး ဆောင်ရွက်ခြင်း၊

( စ ) ပုဂ္ဂလိက ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအား ဥပဒေနှင့်အညီ စစ်ဆေးခြင်းနှင့် လိုအပ်ပါက အရေးယူခြင်း၊

(ဆ) ဆေးရုံ၊ ဆေးခန်းနှင့် ပြည်သူ့ကျန်းမာရေး စောင့်ရှောက်မှုမြှင့်တင်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း။

၅၉။ ခရိုင်ကော်မတီသည် နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များက အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍမြှင့်တင်ဆောင်ရွက်ရေးကို သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ အကောင်အထည်ဖော် ဆောင်ရွက်ရမည်။

၆၀။ ခရိုင်ကော်မတီသည် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများက တည်ဆဲဥပဒေနှင့်အညီ လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ အောက်ပါလုပ်ငန်းများဆောင်ရွက်ရာတွင် ပေါင်းစပ်ညှိနှိုင်းပေးရမည်-

(က) စေတနာ့ဝန်ထမ်းဂေဟာများ၊ နေ့ကလေးထိန်းကျောင်းများ၊ မူလတန်းကြိုကျောင်းများ၊ ဘိုးဘွားရိပ်သာများ ဖွင့်လှစ်စေခြင်း၊

(ခ) အရေးပေါ်ကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊

(ဂ) မီးဘေးကာကွယ်ရေးနှင့် မီးငြိမ်းသတ်ရေး၊ အများပြည်သူတို့အား နှောင့်ယှက်မှုမှ တားဆီးခြင်း၊

(ဃ) ဒေသခံပြည်သူများ၏အကျိုးကို လတ်တလောထိခိုက်စေမည့် ဘေးအန္တရာယ်များ ကျရောက်သဖြင့် အရေးပေါ်အခြေအနေပေါ်ပေါက်သည့်အခါ ဒေသခံပြည်သူတို့အတွက်အရေးကြီးပြီး တိုက်ရိုက်အကျိုးပြုသည့်လုပ်ငန်းကို မြို့နယ်ကော်မတီက တင်ပြလာပါက ချက်ချင်းဆောင်ရွက်စေခြင်း၊

(င) သယ်ယူပို့ဆောင်ရေး၊ ခရီးသွားလာရေး၊ ဟိုတယ်နှင့်တည်းခိုခန်းဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(စ) တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကိုမထိခိုက်စေဘဲ တိုင်းရင်းသားလူမျိုးများ၏ ဒေသဆိုင်ရာ ဓလေ့ထုံးတမ်းများနှင့်အညီ လူမှုရေးကိစ္စများ ဆောင်ရွက်ခြင်း၊

(ဆ) ခရိုင်ဖွံ့ဖြိုးတိုးတက်စေရေးဆောင်ရွက်ရာတွင် ဒေသခံပြည်သူများ ပူးပေါင်းကူညီဆောင်ရွက်လာစေရန် စည်းရုံးခြင်းနှင့် ထောက်ပံ့ခြင်း၊

(ဇ) ယဉ်ကျေးမှုဆိုင်ရာလုပ်ငန်းများ၊ ယဉ်ကျေးမှုအမွေအနှစ်နှင့် ရှေးဟောင်းပစ္စည်းများ ကာကွယ်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(ဈ) မူခင်းကျဆင်းရေးဆိုင်ရာ ကြိုတင်ကာကွယ်ရေး၊ ပြည်သူ့လုံခြုံရေးနှင့် အကြမ်းဖက်နှိမ်နင်းရေး လုပ်ငန်းများဆောင်ရွက်ခြင်းနှင့် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(ည) သန်းခေါင်စာရင်းလုပ်ငန်းများနှင့် လူဦးရေစာရင်းကောက်ယူရာတွင် မြေပြင်ကွင်းဆင်းစာရင်း ကောက်ယူရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(ဋ) ကလေးသူငယ်အခွင့်အရေး၊ မသန်စွမ်းသူများအခွင့်အရေး၊ လူငယ်ရေးရာကဏ္ဍဖွံ့ဖြိုးရေး၊ ကလေးအလုပ်သမားပပျောက်ရေးနှင့် အလုပ်သမားရေးရာကိစ္စရပ်များအား ဆောင်ရွက်ခြင်း၊

(ဌ) အမျိုးသမီးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အမျိုးသမီးများကို ကာကွယ်စောင့်ရှောက်ရေး ဆောင်ရွက်ခြင်း၊

(ဍ) တိုင်းရင်းသားအခွင့်အရေးများ ကာကွယ်စောင့်ရှောက်ခြင်း၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုများ တိုးတက်မြင့်မားရေးကိစ္စရပ်များ ဆောင်ရွက်ခြင်း၊

(ဎ) ခရိုင်မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဘေးအန္တရာယ်တားဆီးကာကွယ်ရေး လုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(ဏ) ဆင်းရဲနွမ်းပါးသူများ၊ သက်ကြီးရွယ်အိုများအတွက် ထောက်ပံ့မှုစနစ်များ ပိုမိုအားကောင်းလာစေရေးနှင့် ဒေသခံများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးခြင်း၊

(တ) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း။

၆၁။ ခရိုင်ကော်မတီသည် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများက တည်ဆဲဥပဒေနှင့်အညီ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်စေရေးနှင့်စပ်လျဉ်း၍ အောက်ပါလုပ်ငန်းတာဝန်များအား ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ရမည်-

(က) စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကုန်ထုတ်လုပ်မှုဆိုင်ရာ ကျေးလက်စီးပွားရေးလုပ်ငန်းများ ခိုင်မာအားကောင်းစေရေးအတွက် လိုအပ်သောနည်းပညာနှင့် အထောက်အကူပြုပစ္စည်းများ၊ သွင်းအားစုများ လွယ်ကူချောမွေ့စွာရရှိနိုင်ရေး ဆောင်ရွက်ခြင်း၊

(ခ) စိုက်ပျိုးရေးချေးငွေ၊ မွေးမြူရေးချေးငွေများထုတ်ချေးခြင်းနှင့် ပြန်လည်ကောက်ခံခြင်းလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(ဂ) ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့်ဆိုင်သော သုတေသနလုပ်ငန်းများနှင့် တီထွင်ဆန်းသစ်မှုများကို အားပေးကူညီဆောင်ရွက်ခြင်း၊

(ဃ) ကျေးလက်အသက်မွေးဝမ်းကျောင်းလုပ်ငန်းများနှင့် မိသားစုဝင်ငွေတိုးပွားရေးလုပ်ငန်းများအား မြှင့်တင်ပေးခြင်း၊

(င) ကုန်စည်ဖြန့်ဖြူးရေးလမ်းကြောင်းများတိုးချဲ့ခြင်းနှင့် ကျေးလက်လမ်းများ၊ တံတားများပြုပြင် တည်ဆောက်ခြင်း၊

(စ) ကျေးလက်ဒေသအတွင်း သန့်ရှင်း၍ဘေးကင်းသော သောက်သုံးရေရရှိစေရေးအတွက် ရေတွင်း၊ ရေကန်၊ ရေသန့်စင်စနစ်များ တည်ဆောက်ခြင်း၊

(ဆ) ကျေးလက်ဒေသအတွင်း ကျေးလက်လျှပ်စစ်မီးရရှိရေးနှင့် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်သုံးစွဲသော ကျေးရွာများဖော်ဆောင်နိုင်ရေး ဆောင်ရွက်ခြင်း၊

(ဇ) ကျေးလက်ဒေသ အခြေပြုခရီးသွားလုပ်ငန်းများ တိုးတက်လာစေရေးအတွက် ဒေသယဉ်ကျေးမှုနှင့် သဘာဝအလှများ ဖော်ထုတ်မြှင့်တင်ဆောင်ရွက်ခြင်း၊

(ဈ) ကျေးလက်ဒေသအတွင်း သစ်တောပြုန်းတီးမှုမရှိစေရေးနှင့် ရေအရင်းအမြစ်ကာကွယ်ခြင်းလုပ်ငန်းများအား ဆောင်ရွက်ခြင်း၊

(ည) ကျေးလက်ဒေသလူနေထိုင်မှု၊ အလုပ်အကိုင်ဆောင်ရွက်မှုနှင့် လူနေမှုပုံစံတို့ကို စနစ်တကျပြုစုထားရှိစေရေးဆောင်ရွက်ခြင်းနှင့် ကျေးလက်ဖွံ့ဖြိုးရေးအတွက် စာရင်းအင်းကိန်းဂဏန်းအချက်အလက်များ စနစ်တကျပြုစုခြင်း။

၆၂။ ခရိုင်ကော်မတီသည် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများက တည်ဆဲဥပဒေနှင့်အညီ သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုနှင့်စပ်လျဉ်း၍ အောက်ပါလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပေါင်းစပ်ညှိနှိုင်း ပေးရမည်-

(က) ခရိုင်အတွင်းဖြစ်နိုင်ခြေရှိသောဘေးအန္တရာယ်များကိုကြိုတင်ကာကွယ်နိုင်ရေးအတွက် ခရိုင်သဘာဝဘေး စီမံချက်များရေးဆွဲခြင်း၊ ကြိုတင်ဇာတ်တိုက်လေ့ကျင့်ခြင်း၊ ဟောပြောပွဲများ ကျင်းပခြင်း၊ လက်ကမ်း စာစောင်များဖြန့်ဝေခြင်း စသည့်ပညာပေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(ခ) ခရိုင်အတွင်းရှိ အခြေခံအဆောက်အဦများ ဘေးအန္တရာယ်ခံနိုင်ရည်ရှိစေရန် စံချိန်စံညွှန်းနှင့်အညီ တည်ဆောက်စေရေး ကြီးကြပ်ဆောင်ရွက်ခြင်း၊

(ဂ) သဘာဝဘေးမဖြစ်ပွားမီ သဘာဝဘေးဆိုင်ရာ အရေးပေါ်ပစ္စည်းများဖြစ်သည့် ရေ၊ ဆေးဝါး၊ အစားအစာနှင့် လိုအပ်သောပစ္စည်းများ ကြိုတင်စုဆောင်းနိုင်ရေးဆောင်ရွက်ခြင်းနှင့် ယာယီခိုလှုံရာစခန်းများ ကြိုတင် သတ်မှတ်နိုင်ရေး ဆောင်ရွက်ခြင်း။

၆၃။ ခရိုင်ကော်မတီသည် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများက တည်ဆဲဥပဒေနှင့်အညီ သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုနှင့်စပ်လျဉ်း၍ သဘာဝဘေးဖြစ်ပွားပြီးနောက် အောက်ပါလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပေါင်းစပ်ညှိနှိုင်းပေးရမည်-

(က) သဘာဝဘေးဒဏ်ခံစားခဲ့ရသူများကို အမိုးအကာအောက် အမြန်ရောက်ရှိစေရေး ဆောင်ရွက်ခြင်း၊

(ခ) ကျန်းမာရေးစောင့်ရှောက်မှု အလျင်အမြန်ရရှိစေရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(ဂ) ပျက်စီးသွားသော အခြေခံအဆောက်အဦများအား ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(ဃ) ဆုံးရှုံးသွားသော လယ်ယာစိုက်ပျိုးရေးနှင့် စီးပွားရေးလုပ်ငန်းများ ပြန်လည်စတင်နိုင်ရန် ထောက်ပံ့ခြင်း။

## အခန်း (၉)

## ဒေသနှင့် ကိုက်ညီသော ကဏ္ဍအလိုက် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို လေ့လာဆန်းစစ်ဖော်ထုတ်ခြင်းနှင့် အကြံပြုချက်များ တင်ပြခြင်း

၆၄။ ခရိုင်ကော်မတီသည် အောက်ပါအချက်များအား သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်း၍လေ့လာဆန်းစစ်ပြီး မိမိ၏ အကြံပြုချက်များအား တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အစိုးရအဖွဲ့၊ နေပြည်တော်ကောင်စီ သို့မဟုတ် ဦးစီးအဖွဲ့သို့တင်ပြရမည်-

(က) ဒေသ၏ ပြည်တွင်းအသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး၊ အလုပ်အကိုင်အခွင့်အလမ်းနှင့် ရင်းနှီးမြှုပ်နှံမှုစံနှုန်းများ တိုးတက်မြင့်မားစေရေး၊

(ခ) စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်ဖြင့်ဆောင်ရွက်ခြင်းနှင့် အခြားစီးပွားရေးကဏ္ဍများ ကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရေး၊

(ဂ) အသေးစား၊ အငယ်စားနှင့် အလတ်စားစက်မှုလက်မှုလုပ်ငန်းများ၏ ထုတ်ကုန်နှင့်ပို့ကုန်ကဏ္ဍ မြှင့်တင်နိုင်ရေး၊

(ဃ) ဆန်စပါးနှင့် ဆီထွက်သီးနှံ စိုက်ပျိုးထုတ်လုပ်မှုကို နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည် အထိ ကြိုးပမ်းဆောင်ရွက်ရေး၊

(င) စိုက်ပျိုးရေးကဏ္ဍတွင် အထွက်နှုန်းတိုးတက်စေရေးနှင့် ဒေသနှင့်ကိုက်ညီသော စိုက်ပျိုးရေးသုံး စက်ကိရိယာများ အသုံးပြုနိုင်ရေး၊

(စ) ဒေသမှထွက်ရှိသည့် သား၊ ငါးများသည် ဒေသရှိလူဦးရေအတွက် ဖူလုံရုံသာမက အခြားဒေသနှင့် ပြည်ပသို့တင်ပို့နိုင်ရန် ကြိုးပမ်းဆောင်ရွက်ရေး၊

(ဆ) လမ်း၊ တံတား၊ လျှပ်စစ်ဓာတ်အား၊ ရေပေးဝေမှုနှင့် အင်တာနက်ဆက်သွယ်ရေး စသည်တို့အား လက်ရှိ အခြေအနေနှင့်ကိုက်ညီအောင် စီမံကိန်းများတွင် ထည့်သွင်းရေးဆွဲရေးနှင့် အကောင်အထည်ဖော်ရေး၊

(ဇ) ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်ရေး၊

(ဈ) ကျန်းမာရေးနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး၊

(ည) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များတွင် လူငယ်များပါဝင်မှုအခန်းကဏ္ဍကို မြှင့်တင်နိုင်ရေး၊

(ဋ) ဒေသထွက်ကုန်များ ပြည်တွင်း ပြည်ပဈေးကွက်ဝင်မှု ရှိ မရှိ ကို အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်း ကုန်သွယ်ရေးအခွင့်အလမ်းများနှင့် နှိုင်းယှဉ်ဆန်းစစ်ရေး။

## အခန်း (၁၀)
## စီမံကိန်းရေးဆွဲခြင်းနှင့် အကောင်အထည်ဖော်ခြင်းလုပ်ငန်းတာဝန်များ

၆၅။ ခရိုင်ကော်မတီသည် အပိုဒ် ၆၄ အရ တင်ပြချက်အပေါ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၊ နေပြည်တော်ကောင်စီက ခရိုင်အဆင့်စီမံကိန်းရေးဆွဲရန် အတည်ပြုပေးထားသည့်အချက်များကို ခရိုင်အဆင့် ဒေသန္တရစီမံကိန်းတွင် ထည့်သွင်းရေးဆွဲရမည်။

၆၆။ ခရိုင်ကော်မတီသည် အောက်ပါလုပ်ငန်းများကို သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရမည်-

(က) စီမံကိန်းများရေးဆွဲရာတွင် ဖြစ်မြောက်နိုင်စွမ်းရှိ မရှိ စိစစ်၍ နိုင်ငံတော်၏ မူဝါဒ၊ သက်ဆိုင်ရာဝန်ကြီးဌာနနှင့် အဖွဲ့အစည်းတို့၏ ရည်မှန်းချက်များအား အဓိကအချက်အနေဖြင့် ထည့်သွင်းရေးဆွဲခြင်း၊

( ခ ) ခရိုင်အဆင့်ဒေသန္တရစီမံကိန်းများကို နှစ်တို၊ နှစ်လတ်၊ နှစ်ရှည် ရည်မှန်းချက်များချမှတ်၍ ရေးဆွဲခြင်း၊

( ဂ ) လက်တွေ့ အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည့် လယ်ယာကဏ္ဍဆိုင်ရာ စီမံကိန်းများ ရေးဆွဲခြင်း၊

(ဃ) ပြည်တွင်း ပြည်ပ လယ်ယာထွက်ကုန်ဈေးကွက်အခြေအနေများကိုသုံးသပ်၍ စီမံကိန်းများတွင် ရေးဆွဲခြင်း၊

( င ) ရေတိုရေရှည် အကျိုးအမြတ်ဖြစ်ထွန်းမှု ရှိ မရှိ သုံးသပ်၍ စီမံကိန်းရေးဆွဲခြင်း၊

( စ ) စီမံကိန်းများကို နိုင်ငံတော်၏ မူဝါဒ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ အကောင်အထည်ဖော်ခြင်း၊

(ဆ) စီမံကိန်းလုပ်ငန်းအကောင်အထည်ဖော်ရာတွင် ဌာနတစ်ခုချင်းစီ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ သတ်မှတ်ဆောင်ရွက်ခြင်း၊

( ဇ ) စီမံကိန်းလုပ်ငန်းကို သတ်မှတ်သည့်ကာလတွင် အကောင်အထည်ဖော်နိုင်မှု ရှိ မရှိ စိစစ်ခြင်း၊

(ဈ) စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်မှုကိုစိစစ်၍ လိုအပ်ပါက စီမံကိန်းကို ပြင်ဆင်ရေးဆွဲခြင်းနှင့် နောင်ရေးဆွဲမည့်စီမံကိန်းတွင် ထည့်သွင်းရေးဆွဲခြင်း။

## အခန်း (၁၁)
## အထွေထွေ

၆၇။ ခရိုင်အဆင့်ဌာနဆိုင်ရာဝန်ထမ်းများသည် ခရိုင်ကော်မတီသို့ပေးပို့သည့် စာရင်းဇယားများကို တိကျမှန်ကန်စွာပေးပို့စေရေး ပူးပေါင်းဆောင်ရွက်ရန် သို့မဟုတ် ညှိနှိုင်းဆောင်ရွက်ရန်နှင့် ယင်းသို့ဆောင်ရွက်ရန် ပျက်ကွက်လျှင်သော်လည်းကောင်း၊ ဤညွှန်ကြားချက်နှင့်အညီ ပေးအပ်သည့်တာဝန်ကို ထမ်းဆောင်ရန် ပျက်ကွက်လျှင်သော်လည်းကောင်း နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေများနှင့်အညီ အရေးယူခြင်းခံရမည်။

၆၈။ သက်ဆိုင်ရာပုဂ္ဂိုလ်တစ်ဦးဦးသည် ဤညွှန်ကြားချက်ပါ ၎င်းနှင့်စပ်လျဉ်းသည့် လိုက်နာရမည့်အချက်များကို လိုက်နာရန်ပျက်ကွက်လျှင် တည်ဆဲဥပဒေနှင့်အညီ အရေးယူခြင်းခံရမည်။

၆၉။ အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးက တိုင်ကြားချက်အပေါ် တည်ဆဲဥပဒေ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ ညွှန်ကြားချက်များနှင့်အညီ စိစစ်ဖော်ထုတ်စစ်ဆေးရာတွင် တိကျခိုင်လုံမှန်ကန်ခြင်းမရှိပါက မမှန်မကန်တိုင်ကြားသူအား တည်ဆဲဥပဒေနှင့်အညီ အရေးယူစေရမည်။

၇၀။ ခရိုင်အုပ်ချုပ်ရေးမှူးနှင့် ခရိုင်ကော်မတီသည် အောက်ပါကိစ္စရပ်များကို ဆောင်ရွက်နိုင်သည်-

(က) ခရိုင်တရားရုံး၏ လုပ်ငန်းများအောင်မြင်စေရေးနှင့် တရားရုံး၏ လုံခြုံရေးတို့အတွက် ပေါင်းစပ်ညှိနှိုင်းခြင်း၊

( ခ ) ခရိုင်ဥပဒေရုံး၏ လုပ်ငန်းများအောင်မြင်စေရေးနှင့် ဥပဒေရုံး၏ လုံခြုံရေးတို့အတွက် ပေါင်းစပ်ညှိနှိုင်းခြင်း၊

( ဂ ) ခရိုင်အဆင့်အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၏ လုပ်ငန်းများအောင်မြင်စေရေး ပေါင်းစပ်ညှိနှိုင်းခြင်း။

၇၁။ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများသည် ခရိုင်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများအား ဤညွှန်ကြားချက်နှင့်အညီ လုပ်ငန်းများ ဆောင်ရွက်နိုင်စေရေး ကြီးကြပ်ကွပ်ကဲပေးရမည်။

၇၂။ ခရိုင်ကော်မတီသည်-

(က) အုပ်ချုပ်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် အောက်ပါတို့၏ တင်ပြချက်နှင့် အကြံပြုချက်များကို ထည့်သွင်းစဉ်းစားနိုင်သည်-

(၁) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများ၊

(၂) တိုင်းရင်းသားပြည်သူများ၊

(၃) အရပ်ဘက်အဖွဲ့အစည်းများ။

(ခ) အပိုဒ်ခွဲ (က) ပါ တင်ပြချက်၊ အကြံပြုချက်များနှင့်စပ်လျဉ်း၍ လိုအပ်ပါက မိမိ၏ သဘောထားမှတ်ချက်နှင့်အတူ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၊ နေပြည်တော်ကောင်စီ သို့မဟုတ် ဦးစီးအဖွဲ့သို့ တင်ပြရမည်။

၇၃။ ခရိုင်ကော်မတီသည် အများပြည်သူတို့၏ တင်ပြစာများနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းနှင့် ပုဂ္ဂိုလ်များအား ပေါင်းစပ်ညှိနှိုင်းပေးနိုင်သည်။

၇၄။ ခရိုင်ကော်မတီသည် ခရိုင်အတွင်း ရပ်ကွက် သို့မဟုတ် ကျေးရွာရှိ ပြည်သူများအတွက် အောက်ပါတို့ကို ဆောင်ရွက်ရမည်-

(က) မြို့မိမြို့ဖများ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဝင်များ၊ မြို့၊ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများ၊ ရပ်ကွက် သို့မဟုတ် ကျေးရွာမှ တက်ရောက်လိုသော ဒေသခံပြည်သူများနှင့် ခရိုင်အဆင့်ဌာနဆိုင်ရာများတွေ့ဆုံပွဲကို သုံးလလျှင် အနည်းဆုံးတစ်ကြိမ် ကျင်းပပြုလုပ်ခြင်း၊

(ခ) ခရိုင်အတွင်းရှိ မြို့နယ်၊ ရပ်ကွက် သို့မဟုတ် ကျေးရွာများသို့ကွင်းဆင်း၍ ဒေသခံပြည်သူများ၏ လိုအပ်ချက် သဘောထားများကိုရယူခြင်း၊ ဒေသအလိုက်ဆောင်ရွက်နေသော လုပ်ငန်းစီမံကိန်းနှင့် လုပ်ငန်းများကို ရှင်းလင်းအသိပေးခြင်း၊ ဒေသ၏ လိုအပ်ချက်ကို ဖြည့်ဆည်းပေးခြင်းတို့ကို ခြောက်လလျှင် အနည်းဆုံးတစ်ကြိမ် ဆောင်ရွက်ခြင်း၊

(ဂ) မြို့နယ်၊ ရပ်ကွက် သို့မဟုတ် ကျေးရွာအတွင်းရှိ လူမှုရေး၊ ဘာသာရေးဆိုင်ရာကိစ္စရပ်များအတွက် ရပ်မိရပ်ဖ၊ ဂေါပကအဖွဲ့များက အလှူငွေ သို့မဟုတ် ရန်ပုံငွေများကောက်ခံလိုပါက ကော်မတီများ ဖွဲ့စည်းခြင်း၊ ရရှိလာသော အလှူငွေ သို့မဟုတ် ရန်ပုံငွေများကို သက်ဆိုင်ရာလုပ်ငန်းအလိုက် စနစ်တကျ သုံးစွဲစေရေး ကြပ်မတ်ခြင်း၊ စာရင်းထားရှိစေခြင်း၊ စာရင်းစစ်ဆေးစေခြင်း၊ အသုံးစရိတ်ရှင်းတမ်းများ တင်ပြစေခြင်းနှင့် ပွင့်လင်းမြင်သာစေရန် ချပြဆွေးနွေးစေခြင်း။

၇၅။ ခရိုင်ကော်မတီသည် ခရိုင်အုပ်ချုပ်ရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် သက်ဆိုင်ရာနယ်မြေခံ တပ်ရင်းတပ်ဖွဲ့နှင့် လုံခြုံရေးအဖွဲ့မှ ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ တတ်သိပညာရှင်များနှင့် ပုဂ္ဂိုလ်များအား လိုအပ်ပါက ဖိတ်ကြားခြင်း၊ အကြံပြုချက်ရယူခြင်းတို့ကို ဆောင်ရွက်နိုင်သည်။

ခင်လတ်

ဒုတိယဝန်ကြီး

## အမျိုးသားလွှတ်တော်ရုံး
## အမိန့်ကြော်ငြာစာအမှတ် (၀၈၇/၂၀၂၅)

၁၃၈၇ ခုနှစ်၊ ဝါခေါင်လဆန်း ၇ ရက်

(၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၃/၂၀၂၅) ၏ ကြိုတင်ခွင့်ပြုချက်အရ အမျိုးသားလွှတ်တော်ရုံးမှ အမြဲတမ်းအတွင်းဝန်/ညွှန်ကြားရေးမှူးချုပ် (အငြိမ်းစား) ဦးလွင်ဦး အား ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၁ ရက်နေ့ နံနက်ပိုင်းမှစ၍ အမျိုးသားလွှတ်တော်ရုံး၏ ဥပဒေအကြံပေး အဖြစ် (လစဉ်ချီးမြှင့်ငွေ ၅၀၀,၀၀၀/- ဖြင့်) ပထမအကြိမ် တစ်နှစ်တာဝန်ပေးခန့်ထားလိုက်သည်။

စိုးနိုင်ထွန်း

ညွှန်ကြားရေးမှူးချုပ်

## စစ်ရာထူးခန့်ချုပ်ရုံး
## (ကြည်းတပ်ဌာနစု)

၁၃၈၇ ခုနှစ်၊ ဝါခေါင်လဆန်း ၅ ရက်

(၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၂၉ ရက်)

အမှတ် ၁၅၄/၂၀၂၅။ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) ၏ ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၁ ရက်စွဲပါ စာအမှတ်၊ ၁/၁၀/ဦး ၆ ပါ ကာကွယ်ရေးဌာနကောင်စီ၏ အမှုဆောင်အဖွဲ့၊ သဘာပတိ၏ သဘောတူ ခွင့်ပြုချက်အရ အောက်ဖော်ပြပါ အရာခံဗိုလ်အား ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၂၉ ရက်နေ့မှအစပြု၍ တပ်မတော် (ကြည်း) တွင် ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်) အဖြစ် ခန့်အပ်လိုက်သည်-

ဝင်းအောင်သိန်း ကြည်း ၈၁၄၆၀

၁၃၈၇ ခုနှစ်၊ ဝါခေါင်လဆန်း ၇ ရက်

(၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက်)

အမှတ် ၁၅၅/၂၀၂၅။ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) ၏ ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၁ ရက်စွဲပါ စာအမှတ်၊ ၁/ ၁၀/ ဦး ၆ ပါ ကာကွယ်ရေးဌာနကောင်စီ၏ အမှုဆောင်အဖွဲ့၊ သဘာပတိ၏ သဘောတူ ခွင့်ပြုချက်အရ အောက်ဖော်ပြပါ အရာခံဗိုလ်အား ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက်နေ့မှအစပြု၍ တပ်မတော် (ကြည်း) တွင် ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်) အဖြစ် ခန့်အပ်လိုက်သည်-

သန်းဦး ကြည်း ၈၁၄၆၁

## (ရေတပ်ဌာနစု)

၁၃၈၇ ခုနှစ်၊ ဝါခေါင်လဆန်း ၅ ရက်

(၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၂၉ ရက်)

အမှတ် ၁၀/၂၀၂၅။ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) ၏ ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၁ ရက်စွဲပါ စာအမှတ်၊ ၁/၁၀/ဦး ၆ ပါ ကာကွယ်ရေးဌာနကောင်စီ၏ အမှုဆောင်အဖွဲ့၊ သဘာပတိ၏ သဘောတူ

ခွင့်ပြုချက်အရ အောက်ဖော်ပြပါ အရာခံဗိုလ်အား ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၂၉ ရက်နေ့မှအစပြု၍ တပ်မတော် (ရေ) စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်မှုဌာနခွဲတွင် ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်) အဖြစ် ခန့်အပ်လိုက်သည်–

ကျော်မင်း ရေ ၅၈၃၁

အမိန့်အရ

ဒုတိယဗိုလ်ချုပ်ကြီး လင်းအောင်
စစ်ရာထူးခန့်ချုပ်
စစ်ရာထူးခန့်ချုပ်ရုံး

## အဆင့်မြင့်ပညာဦးစီးဌာန

၁၃၈၇ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၄ ရက်
(၂၀၂၅ ခုနှစ်၊ ဇွန်လ ၂၄ ရက်)

အမှတ် ၅၈၆။ ၁၇–၆–၂၀၂၅ ရက်နေ့တွင်ကျင်းပပြီးစီးခဲ့သော ပညာရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၇/၂၀၂၅) အစီအစဉ် ၄ (ဃ–၈) ၌ သဘောတူဆုံးဖြတ်ချက်အရ မန္တလေးတက္ကသိုလ်၊ သတ္တဗေဒဌာနမှ ပါမောက္ခ ဒေါက်တာ ကေသီမြ အား ၂၀–၉–၂၀၂၅ ရက်နေ့မှစ၍ ကြိုတင်ပြင်ဆင်ခွင့် (၄) လကိုခံစားခွင့်ပြုပြီး ခွင့်ရက်များကုန်ဆုံးမည့် ၂၀–၁–၂၀၂၆ ရက်နေ့ နံနက်ပိုင်းမှစ၍ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၅၆ ပုဒ်မခွဲ (က)၊ ပုဒ်မ ၅၇ နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေ ၂၃၃၊ နည်းဥပဒေခွဲ (က) တို့အရ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

၁၃၈၇ ခုနှစ်၊ ဝါဆိုလဆန်း ၉ ရက်
(၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၃ ရက်)

အမှတ် ၆၅၇။ ၂၆–၆–၂၀၂၅ ရက်နေ့တွင်ကျင်းပပြီးစီးခဲ့သော ပညာရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၈/၂၀၂၅) အစီအစဉ် ၄ (ဃ–၄) ၌ သဘောတူဆုံးဖြတ်ချက်အရ မိုးညှင်းတက္ကသိုလ်၊ ပထဝီဝင်ဌာနမှ ပါမောက္ခ ဒေါက်တာ ဒေါ်လေးမေ အား ၆–၈–၂၀၂၅ ရက်နေ့မှစ၍ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ခံစားခွင့်ပြုပြီး ခွင့်ရက်ကုန်ဆုံးသည့် ၆–၁၂–၂၀၂၅ ရက်နေ့ နံနက်ပိုင်းမှစ၍ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၅၆ ပုဒ်မခွဲ (က)၊ ပုဒ်မ ၅၇ နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေ ၂၃၃၊ နည်းဥပဒေခွဲ (က) တို့အရ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

အမှတ် ၆၅၈။ ၂၆–၆–၂၀၂၅ ရက်နေ့တွင်ကျင်းပပြီးစီးခဲ့သော ပညာရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၈/၂၀၂၅) အစီအစဉ် ၄ (ဃ–၁) ၌ သဘောတူဆုံးဖြတ်ချက်အရ မန္တလာတက္ကသိုလ်၊ ပထဝီဝင်ဌာနမှ ပါမောက္ခ (ဌာနမှူး) ဒေါက်တာ ဝင်းမြင့်ဦး အား ၂၇–၇–၂၀၂၅ ရက်နေ့မှစ၍ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ခံစားခွင့်ပြုပြီး ခွင့်ရက်ကုန်ဆုံးသည့် ၂၇–၁၁–၂၀၂၅ ရက်နေ့ နံနက်ပိုင်းမှစ၍ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၅၆ ပုဒ်မခွဲ (က)၊ ပုဒ်မ ၅၇ နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေ ၂၃၃၊ နည်းဥပဒေခွဲ (က) တို့အရ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

ဒေါက်တာ ကျော်ဆန်းဝင်း
ခေတ္တညွှန်ကြားရေးမှူးချုပ်
အဆင့်မြင့်ပညာဦးစီးဌာန

ပ၊ ထ၊ န – အမှတ် ၆၃၅/၂၄/ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန/ စောင်ရေ – ၁၁၇၀/ ၂၂–၈–၂၀၂၅။